# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ | Wednesday, 17 May 2023 | ၁၁၀၉၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် အာနန္ဒာအုတ်ကျောင်းမုခ်ဦး ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ရေဝင်၊ ရေဝပ်မှုများနှင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် မေ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေ ၁၅ ရက်ညနေပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ရေဝင်၊ ရေဝပ်မှုနှင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

## ယနေ့ ဖတ်စရာ


**စစ်တွေမြို့သို့ မကြာမီရက်အတွင်း စက်သုံးဆီများ ထပ်မံရောက်ရှိမည်ဖြစ်သဖြင့် စက်သုံးဆီပြတ်လပ်မှု မရှိစေဘဲ စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးသွားနိုင်မည်**

စာမျက်နှာ » ၆

**ချင်းပြည်နယ်ရှိ တီးတိန်၊ ပလက်ဝ၊ မတူပီနှင့် ဟားခါးမြို့နယ်များကို သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအဖြစ် ကြေညာ**

စာမျက်နှာ » ၈

**“၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးမည့်အစီအစဉ်”မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်**

စာမျက်နှာ » ၉

ကြေးမုံ

# ညီညွတ်မှုဖြင့် ဖြောင့်ဖြူးသောလမ်းလျှောက်လှမ်း

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) သည် မေလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသများမှ စစ်တွေမြို့အနီး ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။ မေလ ၁၅ ရက်နေ့တွင် ကသာမြို့အနီးမှ ကုန်းတွင်းသို့ ရွေ့လျားကာ ဗန်းမော်မြို့အနီး တရုတ်-မြန်မာနယ်စပ်တွင် မုန်တိုင်းငယ်အဖြစ် အားလျော့သွားခဲ့ပြီဖြစ်သည်။ အလွန့်အလွန်အားကောင်းသော အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် စစ်တွေမြို့အနီးမှ ဖြတ်ကျော်တိုက်ခတ်စဉ် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်းမိုခါ ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူ၊ မာန်အောင်၊ ရမ်းဗြဲ၊ အမ်း၊ စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဂွ၊ တောင်ကုတ်၊ သံတွဲ၊ မောင်တော၊ ဘူးသီးတောင်၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦးနှင့် မြေပုံမြို့နယ်တို့ကိုသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာလိုက်သည်။ အဆိုပါဒေသများတွင် သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရောက်ရှိစေရန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ထိခိုက်ပျက်စီးသည့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

မုန်တိုင်းကျရောက်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ မုန်တိုင်းမကျရောက်မီကာလအတွင်း စစ်တွေ၊ မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်နှင့် အမ်းမြို့များတွင် သဘာဝဘေးဒဏ်ခိုလှုံရာ ရက်တာများသို့ ဒေသခံပြည်သူ ၂၃၇၀၀ ကို ပြောင်းရွှေ့ပေးနိုင်ခဲ့သည်။ အခြားဘေးလွတ်ရာဒေသများသို့လည်း ဒေသခံပြည်သူ ၆၂၆၈၄၉ ဦးကို ပြောင်းရွှေ့ပေးနိုင်ခဲ့သည်။ အလားတူ IDP စခန်းများတွင် ရောက်ရှိနေသူများအနက် ၆၂၁၁၉ ဦးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့သည်။ ထိုသို့ အချိန်မီရွှေ့ပြောင်းပေးနိုင်ခဲ့သောကြောင့် လူထိခိုက်သေဆုံးမှုများ သိသာစွာနည်းပါးသွားခဲ့သည်။

မုန်တိုင်းစတင်ဝင်ရောက်သည့် မေလ ၁၄ ရက်နေ့ နံနက် ၁၀ နာရီခွဲတွင် တစ်နာရီ လေတိုက်နှုန်းမှာ မိုင် ၆၀ ရှိခဲ့ပြီး မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ တစ်နာရီ လေတိုက်နှုန်းမှာ မိုင် ၁၂၀ အထိရှိပြီးနောက် အပြင်းထန်ဆုံးလေတိုက်ခတ်နှုန်းအထိ ရောက်လာခဲ့သည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း လူနေအိမ်များ၊ ရုံးအဆောက်အအုံများ၊ သာသနိကအဆောက်အအုံများ အမိုးလန်ပျက်စီးခြင်းနှင့်ပြိုကျပျက်စီးခြင်း၊ ရုပ်သံထပ်ဆင့်လွှင့်တာဝါတိုင်နှင့် ဆက်သွယ်ရေးတာဝါတိုင်အချို့ ပြိုကျပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည်။ မေလ ၁၄ ရက်နေ့တွင် သေဆုံးသူနှစ်ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၂၈ ဦးရှိကြောင်း ကနဦးသတင်းများအရသိရသည်။ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ မမျှော်မှန်းနိုင်သည့်ကိစ္စဖြစ်သော်လည်း ကြိုတင်ပြင်ဆင်မှုများ ကောင်းမွန်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်သောကြောင့် ပျက်စီးဆုံးရှုံးမှုများခဲ့သော်လည်း ပြည်သူများ သေဆုံးထိခိုက်မှုများကို သိသာစွာ လျှော့ချနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌအဖြစ် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်ပြီး လုပ်ငန်းကော်မတီများအလိုက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ မုန်တိုင်းဝင်ရောက်နိုင်သည်ကို သိလျှင်သိချင်း သတိပေးချက်များကို ချက်ချင်းထုတ်ပြန်ခဲ့ပြီး ပြောင်းရွှေ့မှုများနှင့် ကြိုတင်ပြင်ဆင်မှုများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့် ယခုကဲ့သို့ အင်အားအလွန့်အလွန်ပြင်းထန်သော မုန်တိုင်းကျရောက်ချိန်တွင် လူအများ ထိခိုက်သေဆုံးမှုများကို များစွာရှောင်ရှားနိုင်ခဲ့ပြီး လက်ရှိအချိန်အထိ ကောက်ယူရရှိသော သတင်းအချက်အလက်များအရ နိုင်ငံအတွင်း သေဆုံးသူငါးဦးသာရှိကြောင်း သိရသည်။

ကြိုတင်ပြင်ဆင်မှု၊ စနစ်တကျစီမံခန့်ခွဲမှု၊ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှုများ အကောင်းဆုံးဆောင်ရွက်နိုင်မှုတို့ကြောင့် ထိခိုက်မှုအနည်းဆုံးဖြင့် အလွန်ပြင်းထန်သည့်မုန်တိုင်းကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်သည်။ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြသည်။ အဆိုပါလှူဒါန်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားခဲ့သည့် "တိုင်းပြည်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း တိုင်းပြည်အတွက်ဆောင်ရွက်ချိန်တွင် အရေးကြီးမှ သွေးစည်းသည်မဟုတ်ဘဲ အရေးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ တိုင်းပြည်မှ လိုအပ်လာချိန်တွင် ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့တိုင်းပြည် သွားချင်သည့် လမ်းကြောင်းပေါ်တွင် သာယာဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃)

နေပြည်တော်

၂၀၂၃ ခုနှစ် ၊ မေလ ၁၈ ရက်နေ့ မှ ၂၀ ရက်နေ့ ထိ

## ကျောင်းကုန်းမြို့၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်ပွဲ ကျင်းပ

ကျောင်းကုန်း မေ ၁၆

၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးရာသီအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့များပေးအပ်ပွဲ အခမ်းအနားကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အေးချမ်းသာယာခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက သစ်စိမ်းမြေဩဇာအများစုသည် ပဲမျိုးနွယ်ဝင် အပင်များဖြစ်ပြီး သစ်ဆွေးဓာတ်ပျမ်းမျှ ၆၅ ရာခိုင်နှုန်းခန့်ပါဝင်၍ ဆွေးမြည့်မှုမြန်ကာ မြေတွင် အဓိကနိုက်ထရိုဂျင်ဓာတ်နှင့် သစ်ဆွေးဓာတ်များရရှိစေကြောင်း ပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ဌေးက ပိုက်ဆံလျှော်သုံးစွဲခြင်းဖြင့် ကမ္ဘာမြေအတွက် အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်ကြောင်း၊ ပိုက်ဆံလျှော်မှ သစ်စိမ်းမြေဩဇာအဖြစ် ရရှိလာသော အာဟာရတန်ဖိုးမှာလည်း နိုက်ထရိုဂျင် ၂ ဒသမ ၆၆ ရာခိုင်နှုန်း၊ ဖော့စ်ဖရပ် သုည ဒသမ ၄၀ ရာခိုင်နှုန်း၊ ပိုတက်ရှ် ၁ ဒသမ ၉၁ ရာခိုင်နှုန်း၊ သစ်ဆွေးဓာတ် ၅၆ ရာခိုင်နှုန်း ရရှိစေကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့များကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၆ - ၅ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၁၀၀ | ၈,၀၀၀ | ၅၁၀ | ၄,၁၁၀,၄၀၀ |
| MTSH | ၂,၈၀၀ | ၂,၇၅၀ | ၃,၃၃၉ | ၉,၃၄၄,၂၀၀ |
| MCB | ၇,၀၀၀ | ၇,၀၀၀ | ၃၉၀ | ၂,၇၃၀,၀၀၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၁၆,၇၂၀ | ၂၄,၂၄၄,၀၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၀ | ၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၄၉ | ၁,၁၇၀,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | မြန်မာငွေကျပ် | | |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၈၈.၄ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၁.၄၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၈၅၆ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၇.၀၃ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၃၄ |
| ( ဆ ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၄.၆ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၁.၈ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၄၇.၀ |
| ( ည ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၆.၇၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❂ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်ဦးလေဆိပ်သို့ ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ရေဝင်၊ ရေဝပ်မှုများဖြစ်ပေါ်လျက်ရှိသည့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**စူဠာမဏိဂူဘုရားကြီး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်ခဲ့ပြီး ရေဝပ်မှုများ ဖြစ်ပေါ်လျက်ရှိသည့် နရပတိစည်သူမင်း တည်ထားခဲ့သော စူဠာမဏိဂူဘုရားကြီးသို့ ရောက်ရှိကြပြီး ရေစုပ်ထုတ်ရေးလုပ်ငန်းနှင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုဝန်ထမ်းအဖွဲ့များအား ကြည့်ရှုအားပေးရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်တို့က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဘုရားစေတီများ ရေဝင်၊ ရေဝပ်မှုများဖြစ်ပေါ်ခဲ့မှုနှင့် ရေစုပ်ထုတ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုရားစေတီများ၏ ပရိဝုဏ်များအတွင်း မြေညှိခြင်းနှင့် မြေဖို့ခြင်းများကို ဆောင်ရွက်သွားရန်နှင့် နောင်တွင် ယခုကဲ့သို့ရေဝင်ရောက်မှုများ မဖြစ်စေရေး ရေထွက်ပေါက်များကိုလည်း စနစ်တကျ တွက်ချက်ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်း၊ ဘုရားကြီး၏ အတွင်းအပြင်အား ထိန်းသိမ်းရာတွင် သမိုင်းဝင်တန်ဖိုးကြီး အမွေအနှစ်ဖြစ်သည့်အတွက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် ရှေးဟောင်းလက်ရာ နံရံဆေးရေးပန်းချီများ ရေရှည်တည်တံ့စေရေးအတွက် မှန်ဖြင့်ကာရံနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားခဲ့ပြီး စူဠာမဏိဘုရားကြီးအား ဖူးမြော်ကြည်ညိုသည်။

ယနေ့ နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ အာနန္ဒာဘုရား၊ ထီးလိုမင်းလိုဘုရားကြီးနှင့် ရွှေစည်းခုံစေတီတော်မြတ်ကြီးတို့သို့ သွားရောက်၍ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှုကြောင့် ရေဝင်ရောက်ခဲ့မှုနှင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို သွားရောက်ကြည့်ရှုသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စူဠာမဏိဂူဘုရားကြီးတွင် လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာနန္ဒာဘုရားအတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ စူဠာမဏိဂူဘုရားကြီးအတွက် ဘက်စုံသုံးအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**အာနန္ဒာဘုရား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အာနန္ဒာဘုရားသို့ ရောက်ရှိဖူးမြော်ကြည်ညိုကာ ဘုရားကြီးအတွင်း သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် ရေဝင်၊ ရေဝပ်ခဲ့သည့် အခြေအနေများကို ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ့ဗိသုကာပညာရပ်သည် ရှေးယခင်ကတည်းကပင် အရည်အသွေးမြင့်မားခဲ့ကြောင်း၊ ထို့ကြောင့် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်း လက်ရာများကို ထိန်းသိမ်းရာတွင် စနစ်တကျနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်လိုပြီး သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ချိန်တွင် ရေဝင်၊ ရေဝပ်မှုများ မရှိစေရေးနှင့် ထိခိုက်ပျက်စီးမှုများမရှိစေရေး လိုအပ်သည့်ပြုပြင်ဆောင်ရွက်မှုများကို တာဝန်ရှိသူများက ကြိုတင်စီစစ်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အာနန္ဒာဘုရား၏ မြောက်ဘက် မဟာရံတံတိုင်းနှင့် ကပ်လျက်တွင်ရှိသည့် အာနန္ဒာအုတ်ကျောင်း ထိန်းသိမ်းထားရှိမှုနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ကျောင်းမုခ်ဦး ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့မှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အာနန္ဒာ အုတ်ကျောင်းသည် အောက်ထပ် နံရံအပြည့်တွင် ကုန်းဘောင်ခေတ် နံရံဆေးရေးပန်းချီများ အပြည့်ပါရှိသော တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်း ယဉ်ကျေးမှုလက်ရာများ အမြောက်အမြား ပါရှိသည့်အတွက် ကြည့်ရှုလေ့လာသူများနှင့် သဘာဝဘေးဒဏ်တို့ကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး စနစ်တကျ တွက်ချက်မွမ်းမံဆောင်ရွက်ရန်လိုကြောင်း၊ လက်ရှိပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ပြီးပါက အများပြည်သူများ နံရံဆေးရေးပန်းချီများကို လေ့လာရာတွင် အဆင်ပြေစေရေး တိုက်ရိုက်မဟုတ်သော မီးအလင်းပေးမှုကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ အာနန္ဒာအုတ်ကျောင်းသည်လည်း တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်း ယဉ်ကျေးမှု လက်ရာများ အမြောက်အမြား ပါရှိသည့်အတွက် အုတ်ကျောင်းကြီး တစ်ခုလုံးကို ခြုံငုံနိုင်သည့် အမိုးပါ အဆောက်အအုံတစ်ခု တည်ဆောက်ကာရံနိုင်ရေး ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားပြီး အုတ်ကျောင်းအား လှည့်လည်ကြည့်ရှုသည်။

**စာမျက်နှာ ၄ သို့ »»»**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရွှေစည်းခုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ထီးလိုမင်းလိုဘုရားအား ဖူးမြော်ကြည်ညိုစဉ်။

»»» စာမျက်နှာ ၃ မှ

**ထီးလိုမင်းလိုဘုရားကြီး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထီးလိုမင်းလိုဘုရားကြီးသို့ ရောက်ရှိကြပြီး ဘုရားကြီးအတွင်း၊ အပြင်နှင့် အထက်ပစ္စယံတို့၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုးများသည် ရှေးဟောင်းသမိုင်းဝင်လက်ရာများဖြစ်ပြီး တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်သည့်အတွက် ထိန်းသိမ်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ ယခင်ခေတ်က ဘုရား၊ စေတီ၊ ပုထိုးများ တည်ဆောက်ရာတွင် အသုံးပြုသည့် ကော်ရည်ကို ဥသျှစ်သီး၊ တင်လဲရည်၊ ထုံး၊ အုတ်နီမှုန့်၊ သဲတို့ကို ရောစပ်အသုံးပြုသည်ဟု သိရှိရပြီး တာဝန်ရှိသူများအနေဖြင့် ၎င်းကော်ရည်ဖော်စပ်မှုကို ယခင်ခေတ်နည်းလမ်းများအတိုင်း အချိုးအစားအမျိုးမျိုးဖြင့် သုတေသနပြုရောစပ်ခြင်း၊ ခွတ်ခွဲခြင်းများဖြင့် ဖော်ဆောင်စမ်းသပ် ဆောင်ရွက်ရန်လိုကြောင်း၊ စမ်းသပ်မှုအောင်မြင်ပါက ရှေးဟောင်းဘုရားစေတီပုထိုးများကို ပြုပြင်ရာ၌ ထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

**ရွှေစည်းခုံစေတီတော်မြတ်ကြီး**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အနော်ရထာမင်းကြီးနှင့် ကျန်စစ်မင်းကြီးတို့ တည်ထားခဲ့သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး သဘာဝဘေးဒဏ်ကြောင့် ရေဝင်ရောပ်ခဲ့မှု အခြေအနေများကို လှည့်လည်ကြည့်ရှုကာ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့် မွမ်းမံထိန်းသိမ်းမှုများကို ဆောင်ရွက်သွားရန် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်မြတ်ကြီးရှိ ကျန်စစ်သားမင်းကြီး အတ္ထုပ္ပတ္တိကျောက်စာကို ကြည့်ရှုပြီး ကျောက်စာများသည် အဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်များဖြစ်သည့်အတွက် ယခုထက် ပိုမိုအဆင့်မြင့်စွာ ထိန်းသိမ်းထားရှိရန် လိုအပ်ကြောင်း၊ ကျောက်စာများကို မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့သို့ ပြန်ဆိုပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ အလွယ်တကူ လေ့လာသိရှိနိုင်ရေး Tablet များဖြင့် ပြသထားရှိရန်လိုကြောင်း မှာကြားသည်။

**ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်း**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အာနန္ဒာဘုရား၊ ထီးလိုမင်းလိုဘုရားကြီးနှင့် ရွှေစည်းခုံစေတီတော်မြတ်ကြီးတို့သို့ သွားရောက်၍ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှုကြောင့် ရေဝင်ရောက်ခဲ့မှုနှင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစဉ် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပြီး ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

မန္တလေး တိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုကြောင့် ရွှေစည်းခုံစေတီ၊ အာနန္ဒာဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ ဓမ္မရာဇကဘုရား၊ ဆင်ဖြူရှင်ကွန်းပလက်၊ ခေမင်္ဂဘုရား၊ သပိတ်မှောက်ဘုရား၊ ထီးလိုမင်းလိုဘုရား၊ လေးမျက်နှာဘုရား၊ ဆင်ပေါင်းအုတ်ကျောင်း၊ ဓမ္မရာဇကအနီးရှိဘုရား၊ ပုဂံမျှော်ဘုရား၊ ရွာဟောင်းကြီးဘုရား၊ ရွှေနန်းရင်တောဘုရား တို့၌ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ရှေးဟောင်းဘုရား/ အဆောက်အအုံ ရှစ်ခုတို့တွင် ထိခိုက်ပျက်စီးမှု အနည်းငယ်ဖြစ်ပေါ်ခဲ့ကြောင်းနှင့် ရှေးလက်ရာမပျက် အမြန်ပြန်လည်ပြုပြင် ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထီးလိုမင်းလိုဘုရားကြီးအထက်ပစ္စယံ၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေစည်းခုံစေတီတော်မြတ်ကြီးရှိ ကျန်စစ်သားမင်းကြီးအတ္ထုပ္ပတ္တိကျောက်စာကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ညောင်ဦးခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ထိခိုက်မှုနှင့်ပတ်သက်သည့်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ညောင်ဦးခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ထိခိုက်မှုနှင့်ပတ်သက်သည့် အစည်းအဝေး ကျင်းပ

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် နိုင်ငံအတွက် တန်ဖိုးဖြတ်၍မရနိုင်သည့် ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သဖြင့် ထိခိုက်ပျက်စီးမှုများမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်လို

**နေပြည်တော် မေ ၁၆**

ညောင်ဦးခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ထိခိုက်မှုနှင့် ပတ်သက်သည့် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံယဉ်ကျေးမှုပြတိုက်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ညောင်ဦးခရိုင်အတွင်း နှစ်အလိုက်မိုးရွာသွန်းမှုအခြေအနေ၊ ဆည်/ တာတမံများအတွင်း ရေဝင်ရောက်မှုအခြေအနေ၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအတွက် ကယ်ဆယ်ရေး ပစ္စည်းများ စုဆောင်းထားရှိမှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှု၊ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရှေးဟောင်းဘုရားအချို့နှင့် အဆောက်အအုံအချို့ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့မှု၊ ဘုရားများအတွင်းသို့ ဝင်ရောက်ခဲ့သည့် ရေများကို ပြန်လည်စုပ်ထုတ်ခြင်း၊ သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက်ခဲ့မှု၊ ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးတောင်မကြီးပေါ်ရှိ တာဝါတိုင်ကျိုးကျပျက်စီးခဲ့မှုအခြေအနေများ၊ ပုဂံဒေသကို Town Plan ရေးဆွဲပြီး ရေစီးရေလာများ ကောင်းမွန်စေရေးဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သဘာဝဘေးဒဏ်ကြောင့် ရှေးဟောင်းဘုရားများ ပျက်စီးခဲ့မှုအခြေအနေ၊ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် ဘုရားများမှ ရေများစုပ်ထုတ်ပြီးမှု အခြေအနေ၊ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ရှေးဟောင်းဘုရားများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ မြကန်အတွင်း ရေဝင်ရောက်မှု၊ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း ရေဝင်ရောက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် ရေစီးဆင်းမှုများကို ကောင်းမွန်စေရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ ရှေးဟောင်းဘုရားကြီးများအတွင်း ရေများထပ်မံဝင်ရောက်မှုမရှိစေရေး ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းပြီး ရေထွက်ပေါက်များ ဖောက်လုပ်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ထိခိုက်ဆုံးရှုံးမှု များစွာသက်သာ**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့အနေဖြင့် မိုခါမုန်တိုင်းကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိုခါမုန်တိုင်း၏ လမ်းကြောင်းမှာ မိမိတို့နိုင်ငံ၏ အနောက်ဘက်မှ အရှေ့မြောက်ဘက်သို့ ဝင်ရောက်မည်ဟု သိရှိခဲ့ရကြောင်း၊ ထိုအထဲတွင် ပုဂံဒေသလည်းပါဝင်သည်ကို တွေ့ရှိရပြီး မုန်တိုင်းကြောင့် ပုဂံဒေသတွင် မိုးရွာသွန်းမှုများပြားခဲ့သည်ကို တွေ့ရှိရကြောင်း၊ တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်နေသည့်မုန်တိုင်းနှင့် မိုခါမုန်တိုင်းတို့ ပေါင်းစည်းမိသွားပါက အလွန်ပြင်းထန်သည့် မုန်တိုင်းတစ်ခုဖြစ်လာမည်ဟု ပညာရှင်များ၏ သုံးသပ်ချက်အရ သိရှိခဲ့ရသော်လည်း တောင်တရုတ်ပင်လယ်အတွင်း ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းမှာပျက်ပြယ်သွားခဲ့သဖြင့် မိမိတို့နိုင်ငံအနေဖြင့် ထိခိုက်ဆုံးရှုံးမှု ဖြစ်ပွားနိုင်သည်ထက် များစွာသက်သာသွားခဲ့ကြောင်း။

သဘာဝဘေးအန္တရာယ်တွင် မိုးလေဝသကြောင့် ဖြစ်ပွားသည့် အန္တရာယ်နှင့် ငလျင်ဘေးဒဏ် အန္တရာယ်များရှိကြောင်း၊ သဘာဝဘေးအန္တရာယ် ဖြစ်ပွားချိန်တွင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း၊ ပျက်စီးမှု ဖြစ်ပေါ်ချိန်တွင်လည်း စနစ်တကျပြုပြင် ထိန်းသိမ်းခြင်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် နိုင်ငံအတွက် အစားထိုးမရသည့် ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်ပြီး တန်ဖိုးဖြတ်၍မရနိုင်သည့် ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သဖြင့် ထိခိုက်ပျက်စီးမှုများမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း။

စာမျက်နှာ ၆ သို့

- ❖ **ပုဂံဒေသတွင် သစ်ပင်စိုက်ပျိုးမှုနှင့်ပတ်သက်၍ နယ်မြေအတွက် အန္တရာယ်ရှိသည့် အပင်အိုများကို ခုတ်ထွင်ရှင်းလင်းရန် လိုအပ်သကဲ့သို့ အပင်ပျိုများကိုလည်း ထပ်မံစိုက်ပျိုးရန်လို**
- ❖ **ခရီးသွားများစနစ်တကျရှိစေရေး စီမံဆောင်ရွက်ရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းများကြောင့် ရှေးဟောင်းပစ္စည်းများ လျော့နည်းပပျောက်မှုမရှိစေရေး ပစ္စည်းလုံခြုံမှုများရှိအောင် ဆောင်ရွက်ရန်နှင့် တန်ဖိုးဖြတ်မရသည့် ရှေးဟောင်းအနုပညာလက်ရာများ ပျက်စီးမှုများမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်လို**

- ❖ **အဓိကကျသည့်လမ်းများကို နိုင်လွန်ကတ္တရာလမ်းများ ခင်းကျင်းရန်နှင့် လမ်းများချောမွေ့စေရေးဆောင်ရွက်ရန်လို**
- ❖ **နိုင်ငံတကာညေ့်သည်များအနေဖြင့် မိမိတို့နိုင်ငံရှိ စျေးဆိုင်များကိုကြည့်၍ မြန်မာတို့၏ ပုံရိပ်ကိုထင်ဟပ်စေနိုင်သဖြင့် စည်းကမ်းတကျရှိနေရန်လို**
- ❖ **ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ပြည်ပခရီးသွားများကို စွဲဆောင်နိုင်ရေးဆောင်ရွက်သွားမည်ဆိုပါက ပုဂံဒေသသည် ယခုထက် ပိုမိုတိုးတက်လာမည်**

# စစ်တွေမြို့သို့ မကြာမီရက်အတွင်း စက်သုံးဆီများ ထပ်မံရောက်ရှိမည်ဖြစ်သဖြင့် စက်သုံးဆီပြတ်လပ်မှုမရှိစေဘဲ စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးသွားနိုင်မည်

**နေပြည်တော် မေ ၁၆**

အလွန်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) “မိုခါ”(MOCHA)သည် မေ ၁၄ ရက်တွင် ရခိုင်ကမ်းရိုးတန်းဒေသများသို့ စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ယင်းဒေသအတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကာ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်ကို သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအဖြစ် ကြေညာခဲ့သည်။



**သယ်ယူပို့ဆောင်**

သို့ဖြစ်ပါ၍ အဆိုပါဒေသများ၌ အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရာတွင် လိုအပ်လျက်ရှိသည့် စက်သုံးဆီများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၊ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၊ စွမ်းအင်ဝန်ကြီးဌာနတို့၏ လမ်းညွှန်မှုတို့ဖြင့် စက်သုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်း ကြီးကြပ်ရေးကော်မတီသည် အလျင်အမြန် သယ်ယူပို့ဆောင် ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိသည်။

**ပရီမီယံဒီဇယ်ဆီဂါလန် ၂၀၀၀၀၀**

မေ ၁၆ ရက်တွင် MT ဇမ္ဗူ တန်ဆောင် ဆီတင်ရေယာဉ်ဖြင့် ပရီမီယံဒီဇယ်ဆီ ဂါလန် ၂၀၀၀၀၀ ကို သယ်ယူပို့ဆောင်ပေးခဲ့ရာ စစ်တွေမြို့ ရွှေမင်းဂံဆိပ်ကမ်းသို့ ဆိုက်ရောက်၍ စက်သုံးဆီ ချယူခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ပြီး သီလဝါမှပေးပို့သော ဆီတင်ယာဉ်ဘောက်ဆာတစ်စီး မှာလည်း စစ်တွေမြို့သို့ ဝင်ရောက်ပြီဖြစ်သည်။ ထို့အပြင် ထပ်မံ၍ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းဒေသမှ MT Khine Khine Phyo-33၊ MT Khine Khine Phyo-34 ကမ်းရိုးတန်းသွား စက်သုံးဆီ Tankerများ ဖြင့် ဒီဇယ်ဆီ ဂါလန် ၂၅၀၀၀၀၊ ဓာတ်ဆီ 92 RON ဂါလန် ၂၀၀၀၀၀ တို့ကိုလည်း ထပ်မံဖြည့်တင်း သယ်ယူ ပို့ဆောင်ပေးလျက်ရှိရာ မကြာမီရက်အတွင်း စစ်တွေမြို့သို့ ရောက်ရှိမည်ဖြစ်သဖြင့် စက်သုံးဆီများကို ပြတ်လပ်မှုမရှိစေဘဲ စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်သည်။



စက်သုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များနှင့် ကယ်ဆယ်နေရာချထားရေး လုပ်ငန်းများအတွက် လိုအပ်သော စက်သုံးဆီများအပြင် ကျန်ကဏ္ဍစုံ လုပ်ငန်းများအတွက်ကိုလည်း စဉ်ဆက်မပြတ် ဖြည့်တင်းပေးနိုင်ရေးနှင့် ဈေးနှုန်းတည်ငြိမ် မှန်ကန်စေရေးတို့ကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

❂ စာမျက်နှာ ၅ မှ

ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း သစ်ပင်များစိုက်ပျိုးရန်အတွက် မိမိအနေဖြင့် ယခင်ကတည်းက တိုက်တွန်းခဲ့ကြောင်း၊ မြေ Level များကို ထိန်းညှိနိုင်ခြင်းမရှိသဖြင့် ရေဝပ်မှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မြေ Level များကို ထိန်းညှိပြီး ရေထွက်ပေါက်များ စနစ်တကျဖောက်လုပ်ရန်လိုကြောင်း၊ ရှေးဟောင်းဘုရားကြီးများဖြစ်သဖြင့် ထိခိုက်လွယ်ကြောင်း၊ထို့ကြောင့်တန်ခိုးကြီးရှေးဟောင်းဘုရားကြီးများ ထိခိုက်မှုမရှိအောင် စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ မဟာရံတံတိုင်းများနှင့် ရင်ပြင်တော်များကိုလည်း ရေဝပ်ခြင်းဖြင့် မထိခိုက်ရန်နှင့် ပြုပြင်ခြင်းများကို Check List များ ပြုစု၍ စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း။

အလားတူ မိုးရွာသွန်းမှု များပြားချိန်၌ ဝင်ရောက်ခဲ့သည့် ရေများကို ပြန်လည်စုပ်ထုတ်ချိန်တွင် ရေထုတ်ချိန်၌ အခြားနေရာများ ထိခိုက်မှုမရှိစေရေး ရေထုတ်သည့်စနစ်ကို စနစ်တကျတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ ပုဂံဒေသအတွင်း မြေနှင့်ပတ်သက်၍ Survey ပြုလုပ်ရန်လိုကြောင်း၊ ပုဂံယဉ်ကျေးမှုနယ်မြေသည် ထိခိုက်ပျက်စီးမှုများ လုံးဝမဖြစ်ပေါ်ရန်လိုကြောင်း၊ ပုဂံဒေသတွင် သစ်ပင်စိုက်ပျိုးမှုနှင့်ပတ်သက်၍ နယ်မြေအတွက် အန္တရာယ်ရှိသည့် အပင်အိုများကို ခုတ်ထွင်ရှင်းလင်းရန် လိုအပ်သကဲ့သို့ အပင်ပျိုများကိုလည်း ထပ်မံစိုက်ပျိုးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ မရှိအောင်လည်း ဆောင်ရွက်ရန်လိုသဖြင့် ဌာနဆိုင်ရာအလိုက် တာဝန်ရှိသည့်အဖွဲ့အစည်းများအနေဖြင့် ညှိနှိုင်းတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သာယာလှပရေးအတွက် ဒေသနှင့်ကိုက်ညီသည့် ပန်းမန်များကို စိုက်ပျိုးရန်လိုကြောင်း၊ မျက်စိပသာဒဖြစ်ပြီး အရိပ်ရသည့် ပင်ကြီးမျိုးများကို စိုက်ပျိုးရန်လိုပြီး အမြဲတမ်းစိမ်းစိုနေသည့် အပင်များကိုစိုက်ပျိုး၍ ပတ်ဝန်းကျင်အလှအပကို ဖန်တီးပေးရန်လိုကြောင်း။

လမ်းများပေါ်တွင် ကားများမောင်းနှင်ချိန်၌ သဲများကြောင့် ဖုန်ထမှုမဖြစ်ပေါ်စေရေး သက်ဆိုင်ရာစည်ပင်သာယာဌာနမှ တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ အဓိကကျသည့်လမ်းများကို နိုင်လွန်ကတ္တရာလမ်းများ ခင်းကျင်းရန်နှင့် လမ်းများချောမွေ့စေရေးဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ အခြားလမ်းသွယ်များကိုလည်း ချောမွေ့စေရေး အမြဲပြင်ဆင်ထိန်းသိမ်းနေရန်လိုကြောင်း။

ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ ခရီးသွားများ စနစ်တကျရှိစေရေး စီမံဆောင်ရွက်ရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းများကြောင့် ရှေးဟောင်းပစ္စည်းများ လျော့နည်းပပျောက်မှုမရှိစေရေး ပစ္စည်းလုံခြုံမှုများရှိအောင် ဆောင်ရွက်ရန်နှင့် တန်ဖိုးဖြတ်မရသည့် ရှေးဟောင်းအနုပညာလက်ရာများ ပျက်စီးမှုများ မရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဈေးဆိုင်များ စနစ်တကျရှိစေရေးအတွက်လည်း တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ရောင်းချလျက်ရှိသည့် ပစ္စည်းများကိုလည်း ပုဂံဒေသမှထုတ်လုပ်သည့် ပစ္စည်းများဖြစ်စေရေး (One Region One Product) ဖြစ်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတကာညွှေ့သည်များအနေဖြင့် မိမိတို့နိုင်ငံရှိ ဈေးဆိုင်များကိုကြည့်၍ မြန်မာတို့၏ပုံရိပ်ကို ထင်ဟပ်စေနိုင်သဖြင့် စည်းကမ်းတကျရှိနေရန်လိုကြောင်း။

အလားတူ အစားအစာများနှင့်ပတ်သက်၍ဒေသအစားအစာများဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရေး ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ပုဂံဒေသတွင် ပုံးရည်ကြီးများထွက်ရှိသဖြင့် ပုံးရည်ကြီးကို အခြေခံသည့် အဆင့်မြင့်ဒေသအစားအစာများကို ကြံဆဆောင်ရွက်နိုင်ကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရေး ဆောင်ရွက်သွားမည်ဆိုပါက ပုဂံဒေသသည် ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာညီလာခံနှင့် အပြည်ပြည်ဆိုင်ရာဥပဒေရေးရာဖိုရမ်သို့ တက်ရောက်

**နေပြည်တော်  မေ  ၁၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌ H.E.Mr. Valery D.Zorkin ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသာဋ္ဌေးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တည်ထောင်ခြင်း နှစ် ၃၀ ပြည့် အထိမ်းအမှတ်အဖြစ် "Constitution and Constitutional Supervision: Developing the Doctrine and Advancing the case – law" ခေါင်းစဉ်ဖြင့် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာညီလာခံ (International Conference) နှင့် (၁၁)ကြိမ်မြောက် စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာဥပဒေရေးရာဖိုရမ် (11th St.Petersburg International Legal Forum) တို့သို့ မေ ၁၁ ရက်မှ ၁၃ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ တက်ရောက်ခဲ့သည်။






အပြည်ပြည်ဆိုင်ရာညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက "မြန်မာနိုင်ငံတွင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ၃ ရပ်ရှိခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုလူတန်းစားအစုအဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ် ၇၀၀ ကျော် တက်ရောက်ဆွေးနွေးသည့် အမျိုးသားညီလာခံကျင်းပ၍ ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံမှ အခြေခံမူ ၁၀၄ ချက် ချမှတ်ခဲ့ပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ (Referendum) ကျင်းပအတည်ပြုခဲ့သော အခြေခံဥပဒေဖြစ်ကြောင်း၊ ဤအခြေခံဥပဒေသည် ပါတီစုံဒီမိုကရေစီစနစ်နှင့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးပြီး နိုင်ငံသားတို့၏ အခွင့်အရေးကို အာမခံချက်ပေးထားကြောင်း၊ မဏ္ဍိုင်ကြီး (၃) ရပ် အပြန်အလှန်ထိန်းကျောင်းမှုရှိကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၆ အရ မြန်မာနိုင်ငံ၌ ယခင်က မရှိခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို တည်ထောင်ခဲ့ကြောင်း၊ ခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အမြင့်ဆုံးတရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ခုံရုံး၏ဆုံးဖြတ်ချက်သည် နောက်ဆုံးနှင့် အပြီးအပြတ်အတည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက စီရင်ဆုံးဖြတ်ခဲ့သောအမှုများမှ ထူးခြားသော အမှုသုံးမှုကို ရွေးချယ်၍ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှမ်းမိုးသက်ရောက်မှု (Supremacy of Constitution) ရှိသည်ကို တင်ပြပါကြောင်း ပြောကြားပြီး "Current Myanmar Constitutional Supervision and its Development" စာတမ်းကို ဆွေးနွေးပြောကြားသည်။

အပြည်ပြည်ဆိုင်ရာညီလာခံသို့ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌနှင့် တရားသူကြီးချုပ်များ၊ ဥပဒေပညာရှင်များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများ တက်ရောက်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် ဖွံ့ဖြိုးတိုးတက်လာမှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်မှုနှင့်စပ်လျဉ်းသည့် အတွေ့အကြုံတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(၁၁) ကြိမ်မြောက် စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာဥပဒေရေးရာဖိုရမ်သို့ နိုင်ငံပေါင်း ၅၄ နိုင်ငံမှ တရားသူကြီးချုပ်များ၊ ဥပဒေရေးရာဝန်ကြီးများ၊ တရားသူကြီးများနှင့် ဥပဒေပညာရှင်များ တက်ရောက်ခဲ့ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E.Mr. Vladimir–Putin က "ယနေ့အချိန်တွင် တရားမဝင်ပိတ်ဆို့ ဒဏ်ခတ်ခြင်းများ၊ နိုင်ငံများ၏ သာတူညီမျှရှိမှုနှင့် ပြည်တွင်းရေးကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းများသည် အပြည်ပြည်ဆိုင်ရာဥပဒေများ၏ အခြေခံအုတ်မြစ်ကို အလွန်ထိခိုက်စေပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် မိတ်ဖက်နိုင်ငံများနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေရေးကို အစဉ်တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားအချုပ်အခြာအာဏာကို လေးစားမှုရှိခြင်းသည် ဒီမိုကရေစီနည်းလမ်းပိုမိုကျ၍ တရားမျှတမှုရှိသည့် multipolar world order ပေါ်ထွက်လာစေရေးအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည်ကို အခိုင်အမာယုံကြည်ပါကြောင်း" အချက်များပါသည့် သဝဏ်လွှာကို အပြည်ပြည်ဆိုင်ရာဥပဒေရေးရာဖိုရမ်သို့ ပေးပို့ခဲ့သည်။

ယင်းဖိုရမ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ ဒုတိယဥက္ကဋ္ဌ Mr. Dmitry Medvedev ဦးဆောင်၍ အီဂျစ်နိုင်ငံ၊ အီရန်နိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံတို့မှ တရားရေးဝန်ကြီးများ၊ အိန္ဒိယနိုင်ငံ တရားလွှတ်တော်ချုပ်မှ ကိုယ်စားလှယ်များ၊ ဥဇဘက်ကစ္စတန်နိုင်ငံ ဥပဒေပြုအဖွဲ့နှင့် ဆားဘီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာဥပဒေထိန်းသိမ်းရေးဌာနဥက္ကဋ္ဌတို့က "Sovereignty in law" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာညီလာခံနှင့် အပြည်ပြည်ဆိုင်ရာဥပဒေရေးရာဖိုရမ်တို့သို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အတူ ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဇင်တို့ တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အသစ်အား လက်ခံတွေ့ဆုံ



**နေပြည်တော်  မေ  ၁၆**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အသစ် Ms. Noriko Takagi ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေးပြောကြား**

တွေ့ဆုံစဉ် UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အသစ်က မြန်မာနိုင်ငံအတွင်း မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် ကူညီပံ့ပိုးရန် အသင့်ရှိသည့်ကိစ္စနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအတွင်း မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်နိုင်ရေးအတွက် ကုလသမဂ္ဂအေဂျင်စီများမှ မြန်မာအစိုးရနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့်ကိစ္စနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးတို့အတွက် မြန်မာအစိုးရ၏ ဆောင်ရွက်ချက်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

**သတင်းစဉ်**

# အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန်  မေ  ၁၆**

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ် ရတနာသိဃ်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင်က ပညာဌာန ရှစ်ခုမှ ဆရာ ဆရာမများ၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပြည်တွင်း ပြင်ပပညာရှင်များက ဆွေးနွေးပို့ချမည်ဖြစ်၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၁၂)ရပ်တို့ကို အကောင်အထည်ဖော်ရာတွင် သင်တန်းမှရရှိလာမည့် အတွေ့အကြုံကောင်းများဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးယန္တရားတည်ဆောက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးစသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် အပါး ၃၀ ပါ အချက်များကို စောင့်ထိန်းလိုက်နာကာ ဌာန၏ရည်မှန်းချက်၊ ဦးတည်ချက်များ ပြည့်မီအောင် အကောင်အထည်ဖော်နိုင်သည့် ဝန်ထမ်းကောင်းများ အဖြစ် ကြိုးပမ်း အားထုတ်ကြရန် တိုက်တွန်းမှာကြားသည်။





အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ် (၃) သို့ သင်တန်းသား ၁၃၁ ဦး၊ သင်တန်းသူ ၁၁၉ ဦး စုစုပေါင်းဦးရေ ၂၅၀ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

## ချင်းပြည်နယ်ရှိ တီးတိန်၊ ပလက်ဝ၊ မတူပီနှင့် ဟားခါးမြို့နယ်များကို သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ကြေညာချက်အမှတ် ၂ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ မေလ ၁၆ ရက် )

၁။ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) သည် ၁၄-၅-၂၀၂၃ နေ့ ညပိုင်းတွင် မြန်မာနိုင်ငံ၊ ချင်းပြည်နယ်ကို ပလက်ဝမြို့အနီးမှ ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပါသည်။

၂။ အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ချင်းပြည်နယ်ရှိ တီးတိန်မြို့နယ်၊ ပလက်ဝမြို့နယ်၊ မတူပီမြို့နယ်နှင့် ဟားခါးမြို့နယ်တို့ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

**နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ နေ့သင်တန်းများအားလုံးကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁ရက်နေ့မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှစတင်၍ ကျောင်းအပ်၊ သတင်းပို့မှုများကို စတင်လက်ခံမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊
ပညာရေးဝန်ကြီးဌာန

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုနှင့် စစ်တွေမြို့သို့ ပို့ဆောင်မည့် ရုပ်သံထုတ်လွှင့်ရေးဆိုင်ရာပစ္စည်းများ ထုပ်ပိုးပြင်ဆင်မှုကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့က ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ ပင်မအဆောက်အအုံတွင် မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ခေါင်မိုးများ ထိခိုက်ပျက်စီးမှုအပါအဝင် ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများ ကြံ့ခိုင်မှုအခြေအနေနှင့် စစ်တွေမြို့သို့ ပို့ဆောင်မည့် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာပစ္စည်းများ ရေကူးအသံလွှင့်စက်ရုံ၌ ထုပ်ပိုးပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ မေ ၁၄ ရက် နံနက် ၂ နာရီခန့်က မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ပင်မအဆောက်အအုံမှ ခေါင်မိုးသွပ်များနှင့် ဒိုင်း/မြားသံချောင်းများ ပြုတ်ထွက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးပြီး ယင်းနေရာအောက်တွင် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်သောစတူဒီယို(အေ) ရှိနေသဖြင့် မိုးရေများစိမ့်ဝင်ပြီး ထိခိုက်ပျက်စီးမှုများ ထပ်မံမဖြစ်ပွားစေရေး အမြန်ပြင်ဆင်ဆောင်ရွက်ရန်နှင့် ပျက်စီးမှုများကို အမြန်ရှင်းလင်းကာ စနစ်တကျ ဆယ်တင်အသုံးပြုရေးအဖွဲ့စနစ်ဖြင့် မှတ်တမ်းထားရှိ ဆောင်ရွက်ရန် မှာကြားသည်။

**လိုက်လံစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ စက်ပစ္စည်းများ ထိခိုက်မှုရှိ၊ မရှိ စစ်ဆေးဆောင်ရွက်နေမှုနှင့် ကြံ့ခိုင်ကောင်းမွန်မှုအခြေအနေများကို လိုက်လံစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဂီတဌာနခွဲမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဆောင်ရွက်ပြီးစီးခဲ့သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားတွင် မြန်မာ့ဆိုင်းဝိုင်းကြီး၊ ခေတ်ပေါ်တီးဝိုင်းနှင့် သံစုံတီးဝိုင်းကြီးတို့ ပါဝင်ဆောင်ရွက်ခဲ့မှုအပေါ် ချီးကျူးဂုဏ်ပြုကြောင်းနှင့် ပြည်တွင်း/ပြည်ပ ဖျော်ဖြေပွဲများကို ရည်ရွယ်မျှော်လင့်ပြီး စဉ်ဆက်မပြတ် လေ့ကျင့်ပြင်ဆင်ထားရန် မှာကြားကာ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စစ်တွေမြို့သို့ ပို့ဆောင်မည့် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာပစ္စည်းများ ထုပ်ပိုးပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။


DTH စနစ်အစုံ ၅၀၀ နှင့် ဆက်စပ်ပစ္စည်းများ စစ်တွေမြို့သို့ ပို့ဆောင်ရန် နေပြည်တော်လေဆိပ်တွင် ပြင်ဆင်နေစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ရေကူးအသံလွှင့်စက်ရုံသို့ ရောက်ရှိပြီး မေ ၁၄ ရက်က စစ်တွေမြို့တွင် တိုက်ခတ်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် ပြိုလဲပျက်စီးခဲ့သည့် စစ်တွေထပ်ဆင့်လွှင့်စက်ရုံမှ အမြင့်မီတာ ၁၀၀ တာဝါတိုင် (အစား) အမြင့်မီတာ ၃၀ ယာယီတာဝါတိုင် အမြန်တည်ဆောက်၍ DVB-T2 စနစ်ဖြင့် ရုပ်သံထုတ်လွှင့်နိုင်ရန်နှင့် FM Radio ကို ပြန်လည်ထုတ်လွှင့်နိုင်ရန်အတွက် ဝပ်အား ၃၀၀ လွှင့်စက်အပါအဝင် လိုအပ်သောပစ္စည်းများ ထုပ်ပိုးပြင်ဆင်မှုကို လည်းကောင်း၊ စစ်တွေမြို့မှ DTH စနစ်ဖြင့် ရုပ်/သံ ကြည့်ရှုနိုင်ရန်အတွက် အစုံ ၅၀၀ ထုပ်ပိုးပြင်ဆင်မှုကို လည်းကောင်း၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သတင်းများပေးပို့သည့် V-SAT (Flyaway) စနစ်(အစား) Back Pack တစ်စုံ ပေးပို့ရန်နှင့် သက်ဆိုင်ရာဝန်ထမ်းများစုဖွဲ့ပြီး အမြန်လိုက်ပါရန်တို့ကို စစ်ဆေးမှာကြားသည်။

**စစ်တွေသို့ ပို့ဆောင်**

အဆိုပါမီတာ၃၀တာဝါတိုင်အမြန်တည်ဆောက်နိုင်ရန်အတွက် ဝပ်အား ၃၀၀ လွှင့်စက်အပါအဝင် လိုအပ်သောပစ္စည်းများ၊ DTH စနစ်အစုံ ၅၀၀ နှင့် Back Pack တစ်စုံတို့မှာ ယနေ့တွင် နေပြည်တော်နှင့် ရန်ကုန်တို့မှ လေကြောင်းခရီးဖြင့် စစ်တွေသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် ပြည်သူများအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်

**နေပြည်တော် မေ ၁၆**

ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ပြည်သူများအတွက် အလှူငွေများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ပြည်သူများအတွက် အလှူရှင်များက အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်ခံရယူပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၀ / ၂၀၂၃ )**
၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ မေလ ၁၆ ရက် )

**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ညောင်ရွှေမြို့၊ ကံသာရပ်၊ တိတ်နန်းတံတားအနီး၊ ရုံးကြီးလမ်းတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)** ကို ၂၀၂၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)** ၏ မှတ်ပုံတင်အမှတ်မှာ (၁၅) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (KKDUP) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၁ / ၂၀၂၃ )**
၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ မေလ ၁၆ ရက် )

**ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (KKDUP) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ နယ်မြေ (၁၉)၊ မန်ဆူရှမ်းကျောင်းနောက်၊ ဟူးမွန်လမ်း၊ အမှတ် (၄၅/ ၁၉/ ၇၆၄)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (KKDUP)**ကို ၂၀၂၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (KKDUP)** ၏ မှတ်ပုံတင်အမှတ်မှာ ( ၁၆ ) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## "၂၀၂၃ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးမည့်အစီအစဉ်" မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံပိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားဦးကြီးများသို့ စိုက်ပျိုးစရိတ် အရင်းအနှီးများရရှိစေရေးအတွက် စိုက်ပျိုးစရိတ် ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပါသည်။ တောင်သူလယ်သမားကြီးများကလည်း သီးနှံပေါ်ချိန်တွင် ချေးငွေများ အချိန်မီပြန်လည်ပေးဆပ်ခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်နှင့် တောင်သူဦးကြီးများအကြား နှစ်ဦးနှစ်ဖက် တာဝန်ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

၂။ စိုက်ပျိုးစရိတ်ချေးငွေများကို စိုက်ပျိုးရာသီအလိုက် ထုတ်ချေးပေးလျက်ရှိရာ တောင်သူဦးကြီးများအနေဖြင့် **အချိန်စေ့ချေးငွေပြေကျေမှသာ (ယခင်ကြွေးကျန် ကင်းရှင်းမှသာ)** ချေးငွေအသစ်ထုတ်ချေးခွင့်ရရှိမည်ဖြစ်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးသော အခြားနှစ်တို၊ နှစ်လတ်ချေးငွေများကိုလည်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထုတ်ချေးခွင့် ရရှိမည်ဖြစ်ပါသည်။

၃။ ၂၀၂၃ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများအား ယခင်ချေးငွေအရင်း၊ အတိုးများပါ ပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူများသို့ မိုးရာသီစိုက်ပျိုးချိန်အမီ **၁၈-၅-၂၀၂၃** ရက်နေ့မှစတင်၍ ယခင်နှစ်နည်းတူ တစ်နှစ်လျှင် အတိုးနှုန်း ၅% ဖြင့် သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများမှတစ်ဆင့် ထုတ်ချေးပေးမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယခင်ချေးငွေများ ပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် ၂၀၂၃ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာ ခရိုင်/ မြို့နယ်ဘဏ်ခွဲများနှင့် အမြန်ဆုံးဆက်သွယ်ကြရန်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုဗီနမ်(အားနစ်)အားကစားနည်းမှ ငွေတစ်ခု၊ ကြေးသုံးခု၊ ပိုက်ကျော်ခြင်းအားကစားနည်းမှ ငွေတစ်ခု၊ ဘောလုံး(အမျိုးသမီး)အားကစားနည်းမှ ငွေတစ်ခု၊ ဂျူဒိုအားကစားနည်းမှ ကြေးတစ်ခု၊ အလေးမအားကစားနည်းမှ ကြေးတစ်ခု ထပ်မံဆွတ်ခူးရရှိ

**နေပြည်တော် မေ ၁၆**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယမန်နေ့မွန်းလွဲပိုင်း ဒေသစံတော်ချိန် ၃ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Chroy Changvar Convention Center, Hall(A)၌ ဗိုဗီနမ်(အားနစ်) အမျိုးသား အမျိုးသမီး အားကစားပြိုင်ပွဲများကို ကျင်းပခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ကြည့်ရှုအားပေးခဲ့ပြီး အမျိုးသမီး (၅၅ ကီလို) ကြိမ်တုတ်အတိုက်ပြိုင်ပွဲတွင် ဖိလစ်ပိုင်၊ မြန်မာ၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ယှဉ်ပြိုင်ကစားရာ မြန်မာနိုင်ငံမှ မမိုးမိုးအေးက ဒုတိယ(ငွေတံဆိပ်ဆု)၊ အမျိုးသား (၅၅-၆၀ ကီလို) ကြိမ်တုတ်အတိုက်ပြိုင်ပွဲတွင် ဖိလစ်ပိုင်၊ မြန်မာ၊ ဗီယက်နမ်နှင့်





ကမ္ဘောဒီးယားနိုင်ငံတို့ ယှဉ်ပြိုင်ကစားရာ မြန်မာနိုင်ငံမှ မောင်ဝင်းသက်ပိုင်၊ အမျိုးသမီး (၅၀-၅၅ ကီလို) ကြိမ်တုတ်အတိုက်ပြိုင်ပွဲတွင် ဖိလစ်ပိုင်၊ မြန်မာ၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ယှဉ်ပြိုင်ကစားရာ မြန်မာနိုင်ငံမှ မသန္တာခိုင်နှင့် အမျိုးသား (၆၀-၆၅ ကီလို) ကြိမ်တုတ်အတိုက်ပြိုင်ပွဲတွင် ဖိလစ်ပိုင်၊ မြန်မာ၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ယှဉ်ပြိုင်ကစားရာ မြန်မာနိုင်ငံမှ မောင်လူမင်းဦးတို့က တတိယ (ကြေးတံဆိပ်ဆု) တစ်ခုစီကို ရရှိခဲ့ကြသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Basketball Hall NSTC ၌ ကျင်းပသည့် ပိုက်ကျော်ခြင်းအားကစားနည်းမှ အမျိုးသမီးနှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲတွင် ဗီယက်နမ်၊ မြန်မာ၊ အင်ဒိုနီးရှား၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ယှဉ်ပြိုင်ကစားရာ မြန်မာနိုင်ငံမှ မယမုံဇင်၊ မဖြူဖြူသန်းနှင့် မခင်နှင်းဝေတို့အတွဲက ဒုတိယ(ငွေတံဆိပ်ဆု)၊ Chroy Changvar Convention Center, Hall (C) ၌ ဂျူဒိုအားကစားနည်းမှ အမျိုးသမီး (၅၂ ကီလို)အောက်ပြိုင်ပွဲတွင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မြန်မာ၊ စင်ကာပူ၊ လာအိုနှင့် မလေးရှားနိုင်ငံတို့ ယှဉ်ပြိုင်ကစားရာ မြန်မာနိုင်ငံမှ မခင်ခင်စုက တတိယ (ကြေးတံဆိပ်ဆု)၊ အလေးမအားကစားနည်းမှ အမျိုးသား(၈၁ကီလို)ပြိုင်ပွဲတွင် အင်ဒိုနီးရှား၊ ထိုင်း၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ယှဉ်ပြိုင်ကစားရာ မြန်မာနိုင်ငံမှ မောင်သီဟအောင်က တတိယ (ကြေးတံဆိပ်ဆု)ကို ထပ်မံရရှိခဲ့ကြသည်။

ဆက်လက်၍ ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် National Olympic Stadium ၌ ကျင်းပသည့် ဘောလုံး (အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး ဗီယက်နမ်နိုင်ငံမှ မြန်မာနိုင်ငံကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ ပထမ(ရွှေတံဆိပ်ဆု)၊ မြန်မာနိုင်ငံမှ ဒုတိယ(ငွေတံဆိပ်ဆု)နှင့် ထိုင်းနိုင်ငံမှ တတိယ (ကြေးတံဆိပ်ဆု)ကို ရရှိခဲ့ကြသည်။

မေ ၁၅ ရက် ပြိုင်ပွဲ ပွဲစဉ်များတွင် ပိုက်ကျော်ခြင်း၊ E-Sports၊ အလေးမ၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ဗိုဗီနမ်(အားနစ်)နှင့် ဘောလုံး(အမျိုးသမီး) အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် ငါးခု ထပ်မံရရှိခဲ့ကြသည်။

**သတင်းစဉ်**

# ငပုတော၊ ဧရာတ်ကောင်း၊ ဟိုင်းကြီးကျွန်းနှင့် လပွတ္တာမြို့တို့ရှိ မုန်တိုင်းသင့်ပြည်သူများကို ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် မေ ၁၆

ဧရာဝတီတိုင်းဒေသကြီးအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပြိုကျပျက်စီးခဲ့သည့် ငပုတောမြို့၊ ဧရာတ်ကောင်းမြို့နှင့် ဟိုင်းကြီးကျွန်းမြို့တို့အတွင်းရှိ မုန်တိုင်းသင့်ပြည်သူများကို အိမ်မိုးသွပ်များ၊ သွပ်သံများ၊ ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်ရာ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မုန်တိုင်းသင့်ပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အားပေးစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မုန်တိုင်းသင့်ပြည်သူများကို အိမ်မိုးသွပ်များ၊ သွပ်သံများ၊ ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြပြီး မုန်တိုင်းသင့် ပြည်သူများအား လိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဖျာပုံမြို့နယ်၊ မြောင်းမြမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်များသို့ သွားရောက်၍ မုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများအား အမိုးသွပ်များ၊ ခေါင်အုပ်သွပ်ပြားများ၊ သစ်များနှင့် သွပ်သံများ လှူဒါန်းခဲ့သည်။ ထို့နောက် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်း၍ သွပ်အမိုးများလဲပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ကာ လိုအပ်သည်များ ဆောင်ရွက်ပေးသည်။ ထို့ပြင် လပွတ္တာမြို့ပေါ်ရှိ ရပ်ကွက် ၁၀ ရပ်ကွက်နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ မုန်တိုင်းသင့်ပြည်သူများအား ၎င်းတို့၏ နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးရာတွင် နယ်မြေခံတပ်မတော်သားများက လိုအပ်သော ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဝင်ရောက်တိုက်ခတ်မှုကြောင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ရပ်ကွက်/ကျေးရွာ ၇၆၉ ရွာမှ လူနေအိမ် ၁၁၅၃၂ လုံး၊ သာသနိကအဆောက်အအုံ ၇၃ လုံး၊ ဘုန်းတော်ကြီးကျောင်း ၄၇ ကျောင်း၊ စာသင်ကျောင်း ၁၆၃ ကျောင်း၊ ဆေးရုံ/ဆေးခန်း ၂၉ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ငါးခု၊ ဈေး တစ်ခု၊ လေဆိပ် နှစ်ခု၊ ဌာနဆိုင်ရာအဆောက်အအုံ ၁၁၂ လုံး ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ ၂၁ ဦး သေဆုံး

နေပြည်တော် မေ ၁၆

ဘင်္ဂလား ပင်လယ်အော်တွင် ဖြစ်ပေါ်နေသော အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “မိုခါ”(MOCHA) မေလ ၁၄ ရက်တွင် တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပျက်စီးဆုံးရှုံးမှု စာရင်းများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိသည်။



ဆက်လက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသေးစိတ် ထပ်မံစိစစ်ခဲ့ရာ မေ ၁၅ ရက် ညပိုင်းအထိ ရရှိသော စာရင်းများအရ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၄၄ ရွာမှ လူနေအိမ် ၁၂ လုံး၊ သာသနိက အဆောက်အအုံ သုံးလုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း သုံးကျောင်း၊ လေဆိပ်အဆောက်အအုံ တစ်ခု၊ ဓာတ်မီးတိုင် ရှစ်တိုင်၊ ထရန်စဖော်မာ တစ်လုံး၊ ဌာနဆိုင်ရာ အဆောက်အအုံ တစ်လုံး၊ အုတ်နံရံ တစ်ခု၊ ချင်းပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ၂၄ ရွာမှ လူနေအိမ် ၁၂၉ လုံး၊ သာသနိက အဆောက်အအုံ တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း၊ စာသင်ကျောင်း တစ်ကျောင်း၊ ဆေးရုံ/ဆေးခန်း နှစ်ခု၊ ဓာတ်မီးတိုင် လေးခု၊ ဌာနဆိုင်ရာ အဆောက်အအုံ ၃၀၊ ဘောလုံးကွင်း တစ်ကွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ရပ်ကွက်/ကျေးရွာ ၂၃ ရွာမှ လူနေအိမ် သုံးလုံး၊ ဆက်သွယ်ရေး တာဝါတိုင် ခြောက်တိုင်၊ ဓာတ်မီးတိုင် နှစ်တိုင်၊ ထရန်စဖော်မာ တစ်လုံး၊ အုတ်တံတိုင်း/နံရံ ၂၆ ခု၊ တံတား သုံးစင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၇၂ ရွာမှ လူနေအိမ် ၁၁၃ လုံး၊ ဆက်သွယ်ရေး တာဝါတိုင် နှစ်တိုင်၊ ဓာတ်မီးတိုင် တစ်တိုင်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၃၄ ရွာမှ လူနေအိမ် လေးလုံး၊ ဓာတ်မီးတိုင် ၁၄ တိုင်၊ အုတ်တံတိုင်း/နံရံ ၆၇ ခု၊ ရာသီသီးနှံစိုက်ခင်း ၁၅၆ ခင်း၊ တံတား တစ်စင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာတစ်ရွာမှ သာသနိက အဆောက်အအုံ လေးခု၊ မွန်ပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ လေးရွာမှ လူနေအိမ် တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း တစ်ကျောင်း၊ ဓာတ်မီးတိုင် ၁၄ တိုင်၊ ရခိုင်ပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ၃၈၇ ရွာမှ လူနေအိမ် ၁၁၁၀၆ လုံး၊ သာသနိက အဆောက်အအုံ ၆၃ ခု၊ ဘုန်းတော်ကြီးကျောင်း ၃၆ ကျောင်း၊ စာသင်ကျောင်း ၁၁၈ ကျောင်း၊ ဆေးရုံ/ဆေးခန်း ၂၂ ခု၊ ဈေး တစ်ခု၊ လေဆိပ်အဆောက်အအုံ တစ်ခု၊ ဆက်သွယ်ရေး တာဝါတိုင် တစ်ခု၊ ဓာတ်မီးတိုင် ခုနစ်တိုင်၊ ထရန်စဖော်မာ တစ်လုံး၊ ဌာနဆိုင်ရာ အဆောက်အအုံ ၇၂ လုံး၊ အခြား ပျက်စီးမှု ၃၉၂ ခု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၆၅ ရွာမှ လူနေအိမ် ၃၁ လုံး၊ သာသနိကအဆောက်အအုံ တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း ခုနစ်ကျောင်း၊ ဆက်သွယ်ရေး တာဝါတိုင် နှစ်တိုင်၊ ဓာတ်မီးတိုင် ၆၀၊ ထရန်စဖော်မာ နှစ်လုံး၊ ဌာနဆိုင်ရာ အဆောက်အအုံ ခြောက်လုံး၊ ဘောလုံးကွင်း နှစ်ကွင်း၊ အုတ်တံတိုင်း/နံရံ ၃၄ ခု၊ ရှမ်းပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ တစ်ရွာမှ လူနေအိမ် နှစ်လုံး၊ ဘုန်းတော်ကြီး ကျောင်း တစ်ကျောင်း၊ စာသင် ကျောင်း တစ်ကျောင်း၊ ဧရာဝတီ တိုင်းဒေသကြီး အတွင်းရှိ ရပ်ကွက်/ကျေးရွာ ၁၁၄ ရွာမှ လူနေအိမ် ၁၃၁ လုံး၊ သာသနိက အဆောက်အအုံ တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း ငါးကျောင်း၊ စာသင်ကျောင်း ၃၂ ကျောင်း၊ ဆေးရုံ/ဆေးခန်း ငါးခု၊ ဓာတ်မီး တိုင် ကိုးတိုင်၊ ဌာနဆိုင်ရာ အဆောက်အအုံ သုံးလုံး၊ အခြား ပျက်စီးမှု လေးခု ပျက်စီးဆုံးရှုံးခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပါအဝင် သေဆုံးသူ ၂၀၊ ဧရာဝတီတိုင်းဒေသကြီး အတွင်း သေဆုံးသူ တစ်ဦး ရှိကြောင်း သိရသည်။

သို့ဖြစ်၍ မေ ၁၅ ရက် ညပိုင်း အထိ ရရှိသော စာရင်းများအရ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခု တို့တွင် စုစုပေါင်း ပျက်စီးဆုံးရှုံးမှု နှင့် သေဆုံးမှုမှာ ရပ်ကွက်/ ကျေးရွာ ၇၆၉ ရွာမှ လူနေအိမ် ၁၁၅၃၂ လုံး၊ သာသနိကအဆောက်အအုံ ၇၃ လုံး၊ ဘုန်းတော်ကြီးကျောင်း ၄၇ ကျောင်း၊ စာသင်ကျောင်း ၁၆၃ ကျောင်း၊ ဆေးရုံ/ဆေးခန်း ၂၉ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ငါးခု၊ ဈေး တစ်ခု၊ လေဆိပ် နှစ်ခု၊ ဌာနဆိုင်ရာ အဆောက်အအုံ ၁၁၂ လုံး ပျက်စီးခဲ့ကြောင်းနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူ ၂၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့် နေရာများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် အသင့်ပြင်ဆင် စုဖွဲ့ထားရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့ များက ပရဟိတလူမှုကူညီရေး အသင်းအဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ရသေ့တောင်မြို့နယ်၌ ပြည်သူ ၁၄ ဦး သေဆုံး

နေပြည်တော် မေ ၁၆

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အောင်ဗလကျေးရွာအုပ်စု သာစည်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် မုန်တိုင်းရှောင်နေသည့် အမျိုးသမီးတစ်ဦး(စိစစ်ဆဲ)သည် အဆောက်အအုံပြိုကျမှုကြောင့် လည်းကောင်း၊ ရသေ့တောင်မြို့နယ် ဒုံးပိုက်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မုန်တိုင်းရှောင်နေသည့် ဒုံးပိုက်ကျေးရွာသူ ကျေးရွာသားများအနက် အမျိုးသား လေးဦး၊ အမျိုးသမီး ကိုးဦးတို့သည် ဓမ္မာရုံ ပြိုကျမှုကြောင့် လည်းကောင်း သေဆုံးခဲ့သဖြင့် စုစုပေါင်း သေဆုံးသူ ၁၄ ဦး ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ မိုခါမုန်တိုင်းကြောင့် ပျက်စီးမှုများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်





ရခိုင်ပြည်နယ် စစ်တွေလေဆိပ်နှင့် လေဆိပ်ဝင်းအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို တွေ့ရစဉ်။



ဟသ်ာတမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများကျိုးကျနေမှုကို တာဝန်ရှိသူများက ဖယ်ရှားရှင်းလင်းပေးစဉ်။ ခရိုင်(ပြန်/ဆက်)



ဘိုကလေးမြို့နယ်ပေချောင်းကြီးကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများကျိုးကျမှုကို တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးစဉ်။



ဓနုဖြူမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော နေအိမ်များကို တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



လပွတ္တာမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများကျိုးကျနေမှုကို တာဝန်ရှိသူများက ဖယ်ရှားရှင်းလင်းပေးစဉ်။ ခရိုင်(ပြန်/ဆက်)



ဖျာပုံမြို့နယ် ကျုံကျိုက်ကျေးရွာ အထက ကျောင်းဝင်းအတွင်း၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးစဉ်။



မန်းရွှေစက်တော်ဘုရား အောက်စက်တော်ရာရင်ပြင်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နုန်းမြေများတင်ကျန်မှုကို တာဝန်ရှိသူများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



ပေါက်ခေါင်းမြို့နယ်ရှိ ကျေးရွာအချို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော နေအိမ်များကို တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးစဉ်။



မာန်အောင်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများ ကျိုးကျနေမှုကို တာဝန်ရှိသူများက ဖယ်ရှားရှင်းလင်းပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ဒေးဒရဲမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော နေအိမ်များကို တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

# အလွန့်အလွန်အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း မိုခါ ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

နေပြည်တော် မေ ၁၆

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ထိခိုက်ခဲ့သည့် ဒေသခံပြည်သူများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကိုလည်းကောင်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။



ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ဆေးပစ္စည်းမျိုးစုံအိတ် ၁၀၁၀၊ ရေသန့်ကတ် ၃၃၄ ကတ်၊ ဘီစကွတ် ၂၁၈ ဖာ၊ ခေါက်ဆွဲခြောက် ဖာ ၇၀၀ နှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များကို တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ပထမအကြိမ်အဖြစ်လည်းကောင်း၊ ဆန်အိတ် ၁၀၀၊ ရေသန့်ဘူးများ၊ တပ်မတော်စက်ရုံများမှထုတ်လုပ်သည့် စည်သွပ်ဘူးများနှင့် စားသောက်ဖွယ်ရာများ၊ တစ်ကိုယ်ရေအသုံးအဆောင်ပစ္စည်းများနှင့် ဆေးပစ္စည်းများကို တင်ဆောင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ တပ်မတော်စက်ရုံများမှထုတ်လုပ်သည့် စည်သွပ်ဘူးများဖြစ်သည့် ကြက်အာလူး၊ ငါးတန်အချိုပေါင်း၊ ငါးသလောက်၊ သီးစုံဘူးများ၊ ဘီစကွတ်ထုပ်များ၊ ရေသန့်ဘူးများနှင့် အခြားစားသောက်ဖွယ်ရာများကို တင်ဆောင်၍ တတိယအကြိမ်အဖြစ်လည်းကောင်း၊ ဆန်အိတ် ၁၈၀၊ တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် စည်သွပ်ဘူးများဖြစ်သည့် ကြက်အာလူး၊ မျှစ်စားတော်ပဲ၊ ဆက်သွယ်ရေးပစ္စည်းများကို တင်ဆောင်၍ စတုတ္ထအကြိမ်အဖြစ်လည်းကောင်း၊ ဆန်အိတ် ၁၀၀ နှင့် ရေသန့်ကတ် ၄၉၈ ကတ်တို့ကို တင်ဆောင်၍ ပဉ္စမအကြိမ်အဖြစ်လည်းကောင်း သွားရောက်ပို့ဆောင်ပေးသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင်လည်း ခေါက်ဆွဲ ၆၅ ဖာ၊ ပစ္စည်းစုံ စက္ကူဖာ ခုနစ်ဖာ၊ မီးစက်အကြီး တစ်လုံး၊ စားသောက်ဖွယ်ရာများနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို ပထမအကြိမ်အဖြစ်လည်းကောင်း၊ ဆက်သွယ်ရေးတာဝါတိုင်ဆက်စပ်ပစ္စည်းများနှင့် ခေါက်ဆွဲခြောက် ၁၆၈ ဖာတို့ကို ဒုတိယအကြိမ်အဖြစ်လည်းကောင်း တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ ပို့ဆောင်ပေးသည်။ ထို့အတူ သွပ်ချပ်များနှင့် ခေါက်ဆွဲခြောက် ဖာ ၁၀၀ တို့ကို တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ကိုကိုးကျွန်းသို့ ပို့ဆောင်ပေးခဲ့သည်။

ယနေ့တွင် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်မှ လေယာဉ်များဖြင့် ပို့ဆောင်မှုအနေဖြင့် နေပြည်တော်မှ စစ်တွေမြို့သို့ ငါးကြိမ်၊ ရန်ကုန်မြို့မှ စစ်တွေမြို့သို့ နှစ်ကြိမ်၊ ရန်ကုန်မြို့မှ ကိုကိုးကျွန်းမြို့သို့ တစ်ကြိမ် စုစုပေါင်း ရှစ်ကြိမ်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တပ်မတော်လေယာဉ်များဖြင့် ရောက်ရှိလာသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အလွန့်အလွန်အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း မိုခါ ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်

နေပြည်တော် မေ ၁၆

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ထိခိုက်ခဲ့သည့်ဒေသခံပြည်သူများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို လည်းကောင်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။



ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မဟာဗန္ဓုလ) ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဂြိုဟ်တုဖုံး တစ်စုံ၊ ခေါက်ဆွဲခြောက် ၁၁၃ ဖာ၊ ဂျုံခေါက်ဆွဲအထုပ် ၅၀၊ ခေါက်ဆွဲအထုပ် ၈၈၀၀၊ ကြက်ဥအလုံး၁၄၃၀၀၊ ကြက်သား ပိဿာ ၃၀၊ ရေသန့် ၁၀ ကတ်၊ ငါးပိ ပိဿာ ၁၀၀၊ ငါးပိဿာ ၂၀၀၊ ငါးခြောက် ပိဿာ ၈၀၀၊ ဆန် ငါးအိတ်၊ အသီးအရွက်၊ မီးစက် တစ်လုံး၊ လေအိတ် ၁၂ လုံး (၁၅ တန်)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ကြက်ဥအလုံး ၁၀၀၀၀၊ မြေခင်းစနှစ်လိပ်၊ ဆေးပစ္စည်း တစ်ဖာနှင့် နှစ်အိတ် (တစ်တန်)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်အိတ် ၅၀၀၊ တာပေါ်လင်စ ၂၀၀ (၃၂ ဒသမ ၄ တန်) စုစုပေါင်း ၄၈ ဒသမ ၄ တန်ခန့်နှင့် ကူညီကယ်ဆယ်ရေးဆောင်ရွက်မည့် တပ်ဖွဲ့များအား တင်ဆောင်၍ ယနေ့နံနက် ၉ နာရီတွင် အမှတ်(၄) ရေတပ်ဆိပ်ခံတံတားမှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ထွက်ခွာသွားခဲ့ကြောင်းနှင့် မေ ၁၇ ရက် ညနေပိုင်းတွင် ရောက်ရှိမည်ဖြစ်သည်။

အလားတူ စစ်ရေယာဉ်(မုတ္တမ)ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးမှ ငါးပြည်ဝင်ဆန်အိတ် ၁၀၀၀၀ (၁၂၅ တန်)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးမှ ခုနစ်မယ်ရိကွာထုပ် ၈၃၂ ဒသမ ၅ ထုပ်၊ အမှတ်(၉၈၁) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်မှ ဆယ်တင်သွပ် ၂၆၇၃၇ ချပ်၊ သွပ်သံ ၉၁ ဖာ၊ အမိုး Screw ၁၆ ဖာ၊ ချိန်းဆော ၂၀ (၁၅၁) တန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) မှ အမယ်စုံထောက်ပံ့ပစ္စည်းပုံး ၃၀၀၊ ခေါက်ဆွဲခြောက် ၁၆၄ ထုပ်၊ ရေသန့်ကတ် ၂၀၀၊ ပုဆိုးအထည် ၇၅၀ (၃ တန်)၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ သွပ်ချပ် ၄၇၈၉၀၊ သွပ်သံ ၇၂ ဖာ၊ အိမ်ရိုက်သံ ၁၆၅၆ ဖာနှင့် ၉၄ အိတ်၊ စားအုန်းဆီဘူး ၂၀၀၈၀ (၂၄၂ တန်)၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ စည်သွပ်ဘူး ၇၄၉ ဖာနှင့် တစ်အိတ် (၂၀ တန်)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်အိတ် ၅၅၅၇ အိတ်၊ တာပေါ်လင်စ ၃၀၀ (၂၈၉ တန်)၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ MPT Mobile Van နှစ်စီး၊ တာဝါတိုင် တစ်စုံ၊ Cable ကြိုးနှစ်ခွေ (၃၅ တန်)၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေသန့်စင်စက် ကားနှစ်စီး (၄၄တန်)၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ မီးစက် (နောက်တွဲပါ) ကားနှစ်စီး၊ ဒီဇယ်ဆီအလုံး ၂၀ (၁၉တန်) စုစုပေါင်း ၉၂၈ တန်ခန့်နှင့် ကူညီကယ်ဆယ်ရေး ဆောင်ရွက်မည့် တပ်ဖွဲ့များကို တင်ဆောင်၍ ယနေ့ နံနက် ၁၁ နာရီတွင် ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ထွက်ခွာခဲ့ကြောင်းနှင့် မေ ၁၇ ရက် ညပိုင်းတွင် ရောက်ရှိမည်ဖြစ်သည်။

ထို့အတူ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လိုအပ်သော ကူညီထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်၍ ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့်မြို့နှင့် ကျေးရွာများသို့ ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ကမ္ဘောဒီးယားနိုင်ငံက ဆီးဂိမ်းလာရောက်သူအားလုံးကို အန်ကောဝပ်သို့ ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်ခွင့်ပေးမည်

ဖနောင်ပင် မေ ၁၆

ကမ္ဘောဒီးယားနိုင်ငံသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း) သို့လာရောက်ကြသော အားကစားသမားများ၊ နည်းပြများနှင့် အားကစားကိုယ်စားလှယ်အားလုံးကို နိုင်ငံ၏ထင်ရှားကျော်ကြားသောအန်ကောဝပ်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်ခွင့်ပေးမည် ဖြစ်ကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က မေ ၁၅ ရက်တွင် ကြေညာခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၆၄ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကျင်းပလျက်ရှိပြီး မေ ၅ ရက်မှ ၁၇ ရက်အထိကျင်းပသည့် အဆိုပါ ဆီးဂိမ်းပြိုင်ပွဲ၏ ဖွင့်ပွဲနှင့် ပိတ်ပွဲတို့ကို မြို့တော်ဖနောင်ပင်ရှိ ပရိသတ် ၆၀၀၀၀ ဆံ့ Morodok Techo အမျိုးသားအားကစားကွင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆီးဂိမ်းပြိုင်ပွဲတွင် အရှေ့တောင်အာရှနိုင်ငံ ၁၁ နိုင်ငံမှ အားကစားသမားများ၊ နည်းပြများနှင့် အားကစားကိုယ်စားလှယ် စုစုပေါင်း ၁၀၈၉၀ လာရောက်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ၎င်းတို့၏ပြိုင်ပွဲများပြီးဆုံး၍ အန်ကောဝပ်သို့ အလည်အပတ်လာရောက်မည်ဆိုပါက မိမိတို့အနေဖြင့် ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်ခွင့်ပေးမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်ဆန်က မြို့တော်ဖနောင်ပင်၌ ကျင်းပသည့် တက္ကသိုလ်ကျောင်းသား ၃၀၀၀ ကျော်အား ပေးအပ်သော ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မိန့်ခွန်းတစ်ရပ်၌ ထည့်သွင်းပြောကြားခဲ့သည်။

အကျယ်အဝန်း ၄၀၁ စတုရန်းကီလိုမီတာရှိသော အန်ကောဝပ် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ဆီယမ်ရိပြည်နယ်၌ တည်ရှိပြီး ၁၉၉၂ ခုနှစ်တွင် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်နယ်မြေအဖြစ် သတ်မှတ်ခံခဲ့ရကာ ကမ္ဘောဒီးယားနိုင်ငံ၌ ခရီးသွားအများဆုံးလာရောက်သည့် နေရာဖြစ်သည်။ ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်



# လာအိုနိုင်ငံ၌ ၂၀၂၄ အာဆီယံ ခရီးသွားလုပ်ငန်း ထိပ်သီးဆွေးနွေးပွဲ ကျင်းပမည်

ဗီယင်ကျန်း မေ ၁၆

လာအိုနိုင်ငံသည် ၂၀၂၄ အာဆီယံ ခရီးသွားလုပ်ငန်းထိပ်သီးဆွေးနွေးပွဲအား မြို့တော်ဗီယင်ကျန်း၌ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားရေး စီစဉ်ဆောင်ရွက်နေကြောင်း ခရီးသွားလုပ်ငန်းတာဝန်ရှိသူများက ပြောကြားသည်။

ယခုကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲ၏ ဆောင်ပုဒ်မှာ "အညီအမျှနှင့် တာဝန်သိခရီးသွားလုပ်ငန်း-အာဆီယံအနာဂတ်ကို တည်တံ့စေခြင်း" ဟု အမည်ရကြောင်း လာအိုနိုင်ငံပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး ဆူနီးဆဗန်းဖင်နီခတ်၏ ပြောကြားချက်ကို ကိုးကား၍ လာအိုသတင်းအေဂျင်စီက ဖော်ပြသည်။

၎င်းထိပ်သီးဆွေးနွေးပွဲတွင် ခရီးသွားလုပ်ငန်းပြပွဲကို ထည့်သွင်းပြသသွားမည် ဖြစ်ကြောင်း သိရသည်။ လာအိုအစိုးရသည် နိုင်ငံအား သဘာဝပတ်ဝန်းကျင်ကို အခြေခံသည့် ခရီးသွားလုပ်ငန်းဆိုင်ရာနေရာတစ်ခုအဖြစ်အဆင့်မြှင့်တင်ရေး ဆောင်ရွက်နေသည်။ လာအိုနိုင်ငံ၌သာယာလှပသည့် အပန်းဖြေနေရာများရှိပြီး ဒေသခံများ၏ ဖော်ရွေသော ယဉ်ကျေးမှုဓလေ့ထုံးစံများကြောင့် နိုင်ငံခြားသားများ အများအပြား လာရောက်လည်ပတ်လေ့ရှိသည်။

ယခုနှစ်ပထမသုံးလအတွင်း လာအိုနိုင်ငံသို့ နိုင်ငံခြားခရီးသွား ၈၃၁၀၀၀ ကျော် လာရောက်ခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကာလ ၂၀၂၂ ခုနှစ် ပထမခြောက်လအတွင်း ပြည်ပခရီးသွား ၂၁၁၈၉၈ ဦးသာ လာရောက်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ




# ယခုနှစ်ပထမသုံးလအတွင်း ထိုင်းနိုင်ငံ၏စီးပွားရေး ၂ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာ

ဗန်ကောက် မေ ၁၆

ထိုင်းနိုင်ငံ၏စီးပွားရေးသည် ယခုနှစ်ပထမသုံးလအတွင်း ၂ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး ယင်းကဲ့သို့နိုင်ငံ့စီးပွားရေး တိုးတက်လာခြင်းမှာ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာခြင်းနှင့် စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ယမန်နှစ်အလားတူကာလက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၁ ဒသမ ၄ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ယခုကဲ့သို့ မြင့်တက်လာခြင်းဖြစ်ကြောင်း အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးကောင်စီရုံးမှ ထုတ်ပြန်ခဲ့သည်။

ယခုကဲ့သို့ နိုင်ငံ့စီးပွားရေးတိုးတက်လာခြင်းမှာ ပြည်ပခရီးသည်များ ဝင်ရောက်မှုများပြားလာခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ခြင်းကြောင့် ဖြစ်ကြောင်း အဆိုပါရုံးကပြောကြားသည်။

ထို့ပြင် နိုင်ငံအတွင်းရှိ ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲသူ များပြားလာခြင်းကလည်း ထိုင်းနိုင်ငံ၏ ယခုနှစ်အတွင်း ပြည်တွင်း အသားတင် ထုတ်ကုန်တန်ဖိုးအား ၃ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးတက်စေခဲ့သည်။ ယမန်နှစ်အတွင်း ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၂ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# ၂၀၃၀ ပြည့်နှစ်၌ ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်း အဓိကဒေသဖြစ်သည့် မဲခေါင်မြစ်ဝှမ်းဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြင့်တင်မည်

ဟနွိုင်း မေ ၁၆

၂၀၃၀ ပြည့်နှစ်၌ ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာ အဓိကဒေသဖြစ်သည့် မဲခေါင်မြစ်ဝှမ်းဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပမာဏကို လက်ရှိအခြေအနေမှ ၂ ဒသမ ၅ ဆအထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်နယူးစ်သတင်းစာက ယနေ့တွင် ပြောကြားသည်။

နိုင်ငံ့လူဦးရေ၏ ငါးပုံတစ်ပုံအခြေချနေထိုင်သည့် ၎င်းဒေသ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ၇ ရာခိုင်နှုန်းအထိ ရှိလာမည်ဟု မျှော်လင့်ထားကြောင်း အစိုးရ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းမူဘောင်တွင် ဖော်ပြထားသည်။

၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်ကာလအတွင်း မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗီယက်နမ်ဒေါင် ၃၂၀ ထရီလီယံကို သုံးစွဲသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်ဘတ်ဂျက်မှလည်း ဒေါင်ငွေ ၁၄၀ ထရီလီယံကို အပိုဆောင်းသုံးစွဲသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ကြီးဌာနက ဆိုသည်။

**ဒေသဖွံ့ဖြိုးရေးအတွက်သုံးစွဲမည်**

၎င်းရန်ပုံငွေများကို ဒေသဖွံ့ဖြိုးရေး၊ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနှင့် နိုင်ငံတောင်ပိုင်းရှိ စီးပွားရေးမြို့တော်ဖြစ်သည့် ဟိုချီမင်းစီးတီးနှင့် နိုင်ငံအရှေ့တောင်ပိုင်းဒေသများအား ဆက်သွယ်ချိတ်ဆက်နိုင်ရေးအတွက် သုံးစွဲသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ကြီး ငုယင်ချီဒမ်းက ပြောကြားသည်။

**ပြည်ပဆန်တင်ပို့မှု ၉၀ ရာခိုင်နှုန်းကိုထောက်ပံ့ပေး**

မဲခေါင်မြစ်ဝှမ်းဒေသသည် နိုင်ငံ၏ နှစ်စဉ်ပြည်ပဆန်တင်ပို့မှု ၉၀ ရာခိုင်နှုန်းကို ထောက်ပံ့ပေးကာ ပင်လယ်စာတင်ပို့မှုများအတွက်လည်း အရင်းအမြစ်နေရာဖြစ်သဖြင့် နိုင်ငံ၏ အရေးအကြီးဆုံး စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ဒေသဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ၎င်းဒေသအတွင်း ရေကြီးမှု၊ မြေတိုက်စားမှု၊ မိုးခေါင်မှုနှင့် ဒေသအတွင်း ဆားငန်ရေဝင်ရောက်မှုတို့ကို တိုက်ဖျက်ရန် အစိုးရက ရန်ပုံငွေများအပြား ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံ၏ ကုန်သွယ်မှုပိုငွေ ကန်ဒေါ်လာ ၃ ဒသမ ၉၄ ဘီလီယံထိ မြင့်တက်

ဂျကာတာ မေ ၁၆

အင်ဒိုနီးရှားနိုင်ငံ၏ ကုန်သွယ်မှုပိုငွေသည် ဧပြီလအတွင်းက အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၄ ဘီလီယံအထိ မြင့်တက်ခဲ့ကြောင်းနှင့် မတ်လအတွင်းက ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၁ ဘီလီယံသာရှိခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံစာရင်းအင်းဌာနက မေ ၁၅ ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ကုန်သွယ်မှုပိုငွေသည် ၂၀၂၀ ပြည့်နှစ် မေလမှစတင်ကာ လပေါင်း ၃၆ လ ဆက်တိုက်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားစာရင်းအင်းနည်းစနစ်နှင့် သတင်းအချက်အလက်ဌာနမှ ဒုတိယအကြီးအကဲ အီမန်မက်ချ်ဒီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကျွန်းစုနိုင်ငံတစ်ခုဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် ဧပြီလအတွင်းက အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၂၉ ဘီလီယံရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၉ ဒသမ ၄၀ ရာခိုင်နှုန်းအထိ လျော့ကျမှုရှိခဲ့ကြောင်း၊ အလားတူ သွင်းကုန်တန်ဖိုးသည်လည်း ဧပြီလအတွင်းက အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၅ ဘီလီယံရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၂ ဒသမ ၃၂ ရာခိုင်နှုန်းအထိ လျော့ကျမှုရှိခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံက ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ကာလအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့မပါဝင်သော ပို့ကုန်များကို အဓိကအားဖြင့် တရုတ်နိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သို့ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်



# သာကေတမြို့နယ် အမှတ်(၉)ရပ်ကွက်ရှိ “ကြယ်စင်လင်း” စိန်ရွှေရတနာဆိုင်အား ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၆**

၂၀၂၃ ခုနှစ် မေ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် သာကေတမြို့နယ် အမှတ်(၉) ရပ်ကွက် ရေဝဏ်လမ်းရှိ “ကြယ်စင်လင်း” စိန်ရွှေရတနာဆိုင်သို့ စိစစ်ဆဲ ကျား လေးဦးသည် သေနတ်အတိုတစ်လက်ကိုင်ဆောင်၍ Probox (အဖြူရောင်)ယာဉ်ဖြင့် ရောက်ရှိလာပြီး ဆိုင်ပိုင်ရှင်နှင့် ဝန်ထမ်းသုံးဦးတို့ကို သေနတ်ပြခြိမ်းခြောက်ကာ ငွေကျပ်သိန်း ၄၀၀၀ ခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းအမျိုးစုံ ၃၀ နှင့် CCTV Control Box တို့အား ဓားပြတိုက် လုယက်ယူဆောင်သွားခဲ့သည်။

သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော အကြမ်းဖက် ဓားပြတိုက်လုယက်မှုများကို မလိုလားသည့် ဒေသခံပြည်သူလူထု၏ သတင်းပေးပို့ချက်များအရ ဓားပြတိုက်လုယက်ရာတွင် ပါဝင်သူများဟု ယူဆရသည့် မသင်္ကာဖွယ်ရာလူများသည် အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက်တွင် ရောက်ရှိနေကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရှာဖွေခဲ့ရာ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် သရက်ခြံ(၄)လမ်း အိမ်အမှတ်(၅၅၉)၌ တရားခံ **စိုးသန်းနိုင်ဦး(ခ)ဇော်ကြီးနှင့် ရဲရင့်ခိုင်စိုး(ခ)ခိုင်စိုး** တို့အား ပွိုင့်-၃၈၀ ကျည် ၅၈ တောင့်၊ ၉ မမကျည် ၄၃ တောင့်၊ ပွိုင့်-၃၈၀ ကျည်အိမ်တစ်ခု၊ ရှို့ပစ်လက်လုပ်ဗုံးနှစ်လုံး၊ ဓားပြတိုက်လုယက်ယူဆောင်သွားခဲ့သည့် ရွှေဆွဲကြိုး ၂၅၆ ကုံး၊ ရွှေနားကပ် ၁၅၃ ရန်၊ ရွှေဆွဲသီး ၅၄ ခု၊ ရွှေဆံညှပ် ၁၅ ခု၊ ရွှေလက်ကောက် ၃၆၃ ကွင်း၊ ရွှေလက်စွပ် ၆၃၁ ကွင်း၊ ဟန်းချိန်း ၉၁ ခု၊ ငွေကျပ် သိန်း ၃၀ တို့နှင့်အတူ ဖြစ်စဉ်ဖြစ်ပွားပြီး ၄ နာရီအတွင်း ပြန်လည်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **စိုးသန်းနိုင်ဦး(ခ)ဇော်ကြီး**၏ထွက်ဆိုချက်အရ ယင်းနေ့ညနေပိုင်းတွင် အင်းစိန်ပန်းခြံ၌ တရားခံ **စကင်မရွှန်းဇင်** အားလည်းကောင်း၊ အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်ရှိ “ရွှေကောင်းကြယ်” လက်ဖက်ရည်ဆိုင်၌ တရားခံ **မင်းခန့်မောင်** အား လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **မင်းခန့်မောင်**၏ ထွက်ဆိုချက်အရ မေ ၁၄ ရက် နံနက်ပိုင်းတွင် လှည်းကူးမြို့နယ် မေဃဝတီရပ်ကွက်၌ တရားခံ **ကျော်မင်းဝေ(ခ)ဝေကြီးနှင့် ဇေယျာအေး(ခ)ဇေယျာ** တို့ကို ဓားပြတိုက်ယူဆောင်ခဲ့သည့် ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေနားကပ်တစ်ရန်၊ ရွှေလက်စွပ်လေးကွင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည့်အပြင် သဃ်ာန်းကျွန်းမြို့နယ် စံပြရပ်ကွက် စံပြ(၅)လမ်း တိုက်အမှတ်(၁၀၅)၌ တရားခံ **နိုင်ဦး(ခ)စွန်ရဲ**အား Glock ပစ္စတိုတစ်လက်၊ Sig Sauer ပစ္စတိုတစ်လက်၊ ကျည်အိမ်နှစ်ခု၊ ပွိုင့်၃၈၀ ကျည်အတောင့်၂၀၊ ဓားပြတိုက်ယူဆောင်ခဲ့သည့် ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလော့ကတ်သီးတစ်ခု၊ ရွှေဆွဲပြားနှစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **နိုင်ဦး(ခ)စွန်ရဲ**၏ ထွက်ဆိုချက်အရ မေ ၁၄ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅)ရပ်ကွက် ပတ္တမြား(၃)လမ်း အိမ်အမှတ်(၅/၇၆၈)၌ ဓားပြတိုက်လုယက်ရာတွင် အသုံးပြုခဲ့သော လက်နက်/ခဲယမ်းများအား သိမ်းဆည်းပေးသူ **လင်းဦး**ကို လက်ပစ်ဗုံး သုံးလုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ရှစ်ဦးနှင့်အတူ Glock ပစ္စတိုတစ်လက်၊ Sig Sauer ပစ္စတိုတစ်လက်၊ ကျည်မျိုးစုံ ၁၂၁ တောင့်၊ လက်ပစ်ဗုံးသုံးလုံး၊ ရှို့ပစ်လက်ပစ်ဗုံး နှစ်လုံးတို့ သိမ်းဆည်းရမိခဲ့ပြီး ဓားပြတိုက်လုယက်ယူဆောင်သွားသည့် ငွေကျပ်သိန်း ၄၀၀၀ ခန့် တန်ဖိုးရှိ ရွှေထည်ပစ္စည်းအမျိုးစုံ အခု ၃၀ နှင့် ငွေကျပ်သိန်း ၃၀ တို့ကို တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏နေ့/ညမပြတ် အရှိန်အဟုန်မြှင့် စစ်ဆေးရှာဖွေဖော်ထုတ်မှုများကြောင့် ဖြစ်စဉ်ဖြစ်ပွားပြီး ၂၄ နာရီအတွင်း ဖမ်းဆီးရမိခဲ့သည်။

**စာမျက်နှာ ၁၅ သို့ ❖**



ဓားပြတိုက် လုယက်ယူဆောင်သွားသည့် ရွှေထည်ပစ္စည်းများ ပြန်လည်သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။


**“ကြယ်စင်လင်း” စိန်ရွှေရတနာဆိုင်အား ဓားပြတိုက်လုယက်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိမှု အခြေပြဇယား**









၂၀၂၃ ခုနှစ် မေ ၁၃ ရက်တွင် သာကေတမြို့နယ် အမှတ်(၉)ရပ်ကွက် ရေဝဏ်လမ်းရှိ “ကြယ်စင်လင်း” စိန်ရွှေရတနာဆိုင်အား ဓားပြတိုက်ခံရသည့် မှတ်တမ်းဓာတ်ပုံ။



၁၀-၃-၂၀၂၃ ရက်တွင် လှည်းကူးမြို့နယ် ကျောက်ကွဒင်ကျေးရွာရှိ “လသာသာ” အိမ်ခြံမြေ ရောင်းဝယ်ရေးလုပ်ငန်းအား ဓားပြတိုက်ခံရသည့် မှတ်တမ်းဓာတ်ပုံ








၃-၄-၂၀၂၃ ရက်တွင် ကျောက်တံတားမြို့နယ် အမှတ်(၉)ရပ်ကွက် လမ်း(၄၀) အလယ်ဘလောက်ရှိ “Kaung Lay Mobile” ဆိုင်တွင် ဓားပြတိုက်မှု ဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဆင်းကွတ်(အရှေ့)ကျေးရွာနေသူများဖြစ်ကြသည့် ခင်နွယ်ဝင်း(ခ)ပေါက်စနှင့် သူဇာလှိုင်(ခ) မိချဲတို့သည် ၎င်းတို့အသုံးပြုသည့် "Khin Nwe Win" Facebook အကောင့်နှင့် "Thu Zar Hlaing" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**










သာကေတမြို့နယ် "ကြယ်စင်လင်း" စိန်ရွှေရတနာဆိုင်အား ဓားပြတိုက်လုယက်ရာတွင် အသုံးပြုခဲ့သည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။

❖ စာမျက်နှာ ၁၄ မှ

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **စကင်မရွှန်းဇင်**သည် ၂၀၂၁ ခုနှစ် မတ်လ(ပထမပတ်)တွင် ဖမ်းဆီးရန်ကျန်တရားခံ **ကျော်လင်းညို**၏ ချိတ်ဆက်ပေးမှုဖြင့် လိုင်ဇာမြို့အနီးရှိ KIA စခန်းတွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတစ်လ တက်ရောက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် အောက်တိုဘာလ(ပထမပတ်)တွင် **Anti-Dictatorship Revolution People's Army- DRPA** အမည်ခံ အကြမ်းဖက်အဖွဲ့အား အပြစ်မဲ့ပြည်သူများအား ဒလန်အဖြစ်စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ ငွေကြေးချမ်းသာသူများအား လက်နက်ဖြင့် ခြိမ်းခြောက်၍ ငွေကြေးရယူခြင်း၊ ဓားပြတိုက်ခြင်းများ ဆောင်ရွက်ရန်ရည်ရွယ်ပြီး အကြမ်းဖက်အုပ်စု NUG မှ တရားခံပြေး **ရည်မွန်**၏ စေခိုင်းမှုဖြင့် ဖမ်းဆီးရန်ကျန် တရားခံ **ဟိန်းမင်းထက်(ခ)လင်းနွေ** ခေါင်းဆောင်၍ **စိုးသန်းနိုင်ဦး(ခ)ဇော်ကြီး၊ မင်းခန့်မောင်၊ နိုင်ဦး(ခ)စွန်ရဲ၊ စကင်မရွှန်းဇင်**နှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **ကိုထွန်း၊ ဇင်လင်းထွန်း(ခ) ဇင်ကြီး၊ ဂျက်ပလက်၊ အာကာ၊ ပင်လယ်၊ လရောင်၊ ကျော်ကြီး၊ သာကြီး၊ သူရိန်** အပါအဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ (ဒုတိယပတ်)တွင် တရားခံပြေး **ရည်မွန်**သည် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန် Glock ပစ္စတိုတစ်လက်၊ Sig Sauer ပစ္စတိုတစ်လက်၊ ကျည်တောင့် ၁၀၀၊ လက်ပစ်ဗုံး လေးလုံးတို့အား ဖမ်းဆီးရန်ကျန်တရားခံ **ဟိန်းမင်းထက်(ခ)လင်းနွေ** ထံသို့ ပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ DRPA အမည်ခံ အကြမ်းဖက်အဖွဲ့အနေဖြင့် အောက်ပါလုပ်ကြံသတ်ဖြတ်မှု၊ အကြမ်းဖက်ဖောက်ခွဲမှုများ ကျူးလွန်ခဲ့ကြောင်း-

- ၂၀၂၂ ခုနှစ် ဇန်နဝါရီလ(စတုတ္ထပတ်)တွင် **စိုးသန်းနိုင်ဦး(ခ)ဇော်ကြီး**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **သူရိန်**တို့သည် လှည်းကူးမြို့ မြို့ကြီးကုန်းရပ်ကွက် ရွှေသရဖီလမ်းနေ အပြစ်မဲ့ပြည်သူ **ဖိုးခွား**ကို ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ် ဇန်နဝါရီလ(ဒုတိယပတ်)တွင် **စိုးသန်းနိုင်ဦး(ခ)ဇော်ကြီး**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **သူရိန်**တို့သည် လှည်းကူးမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးအား လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့ DRPA အမည်ခံ အကြမ်းဖက်အဖွဲ့အနေဖြင့် အောက်ဖော်ပြပါ ဓားပြတိုက်လုယက်မှုများအား ကျူးလွန်ခဲ့ကြောင်း-

- ၂၀၂၃ ခုနှစ် မတ်လ ၁၀ ရက်တွင် **စိုးသန်းနိုင်ဦး(ခ)ဇော်ကြီး**မှ ဦးဆောင်၍ **မင်းခန့်မောင်၊ ကျော်မင်းဝေ(ခ)ဝေကြီး၊ နိုင်ဦး(ခ)စွန်ရဲ၊ စကင်မရွှန်းဇင်၊ ဇေယျာအေး(ခ)ဇေယျာ၊ ရဲရင့်ခိုင်စိုး(ခ)ခိုင်စိုး**တို့သည် လှည်းကူးမြို့နယ် ကျောက္ကဒင်ကျေးရွာရှိ "လသာသာ" အိမ်ခြံမြေရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်အား လက်နက်ဖြင့်ခြိမ်းခြောက်ကာ ငွေကျပ် သိန်း ၁၀၀ ဓားပြတိုက်လုယက်ခဲ့ကြောင်း။
- ဧပြီ ၃ ရက်တွင် **စိုးသန်းနိုင်ဦး(ခ)ဇော်ကြီး**မှ ဦးဆောင်၍ **မင်းခန့်မောင်၊ ကျော်မင်းဝေ(ခ) ဝေကြီး၊ နိုင်ဦး (ခ)စွန်ရဲ၊ စကင်မရွှန်းဇင်၊ ဇေယျာအေး(ခ) ဇေယျာ၊ ရဲရင့်ခိုင်စိုး(ခ)ခိုင်စိုး**တို့သည် ကျောက်တံတားမြို့နယ် အမှတ်(၉) ရပ်ကွက် လမ်း(၄၀) အလယ်ဘလောက်ရှိ Kaung Lay Mobile ဖုန်းဆိုင်အား လက်နက်ဖြင့် ခြိမ်းခြောက်ကာ ငွေကျပ်သိန်း ၅၀ နှင့် I Phone ၁၀ လုံးတို့ကို ဓားပြတိုက်လုယက်ခဲ့ကြောင်း။
- မေလ(ပထမပတ်)တွင် ရန်ကုန်မြို့ပေါ်ရှိ အမျိုးသမီးဝန်ထမ်းများသာ ခန့်အပ်ထားသည့် ရွှေဆိုင်များအား အဓိကပစ်မှတ်ထား၍ ဓားပြတိုက်လုယက်ရန် လိုက်လံရှာဖွေခဲ့ကြောင်း၊ သာကေတမြို့နယ် အမှတ်(၉) ရပ်ကွက် ဈေးဝဏ်လမ်းရှိ "ကြယ်စင်လင်း" စိန်ရွှေရတနာဆိုင်တွင် အမျိုးသမီးဝန်ထမ်းသုံးဦးသာ ခန့်အပ်ထားကြောင်း တွေ့ရှိရသဖြင့် ဓားပြတိုက်လုယက်ရန်သတ်မှတ်၍ ဝင်လမ်း၊ ထွက်လမ်းများ ကြိုတင်အခြေအနေကြည့်ခဲ့ပြီး မေ ၁၃ ရက်တွင် **စိုးသန်းနိုင်ဦး(ခ)ဇော်ကြီး**မှ ဦးဆောင်၍ **မင်းခန့်မောင်၊ ကျော်မင်းဝေ(ခ) ဝေကြီး၊ နိုင်ဦး(ခ)စွန်ရဲ၊ စကင်မရွှန်းဇင်၊ ဇေယျာအေး(ခ)ဇေယျာ၊ ရဲရင့်ခိုင်စိုး(ခ) ခိုင်စိုး**တို့သည် "ကြယ်စင်လင်း" စိန်ရွှေရတနာဆိုင်သို့ သွားရောက်၍ ဆိုင်ပိုင်ရှင်နှင့် အမျိုးသမီးဝန်ထမ်း သုံးဦးတို့ကို သေနတ်ပြခြိမ်းခြောက်ကာ ငွေကျပ်သိန်း ၄၀၀၀ ခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံ ၃၀ နှင့် CCTV Control Box တို့အား ဓားပြတိုက်လုယက်ယူဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

DRPA အမည်ခံအကြမ်းဖက်အဖွဲ့၏ "ကြယ်စင်လင်း" စိန်ရွှေရတနာဆိုင်အား ဓားပြတိုက်လုယက်ခဲ့သည့်ဖြစ်စဉ်တွင် တရားခံများမှ ရွှေထည်ပစ္စည်းများအား ဝေစုမခွဲမီ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အချိန်နှင့်တစ်ပြေးညီ မဆုတ်မနစ် ကြိုးပမ်းဖော်ထုတ်မှုနှင့် တာဝန်သိပြည်သူများ၏ အချိန်နှင့်တစ်ပြေးညီ လျှို့ဝှက်သတင်းပေးပို့ ပူးပေါင်းပါဝင်ခြင်းများကြောင့် ဓားပြတိုက်လုယက်သည့်ခေါင်းဆောင်နှင့် ရွှေထည်ပစ္စည်းများကို ၄ နာရီအတွင်း ဖမ်းဆီးရမိခဲ့ပြီး ဓားပြတိုက်လုယက်မှုဖြစ်စဉ်ပါ ကျန်တရားခံများနှင့် လက်နက်ခဲယမ်းများအား ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများ တားဆီးဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေးတို့အတွက် နေ့ညမပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၃၆၀ စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆၂ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၆-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိမရှိဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၆၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၅၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၅၃၀,၂၄၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း(၆၃၇,၄၈၃)ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၆,၃၂၉) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ညောင်တုန်းမြို့၌ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့

ညောင်တုန်း မေ ၁၆

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် နေအိမ်များနှင့် အိမ်ထောင်စုဝင်များအတွက် ယနေ့ နံနက်ပိုင်းက ကယ်ဆယ်ရေးပစ္စည်းနှင့် ရန်ပုံငွေများကို ကျေးရွာများရှိ လေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် လေဘေးသင့်ခဲ့သည့် ကျေးရွာအုပ်စု ၁၆ အုပ်စုမှ ပြိုကျနေအိမ် ၁၆ လုံး၊ အမိုးလန်နေအိမ် ၄၈ လုံး စုစုပေါင်းနေအိမ် ၆၄ လုံး၊ အိမ်ထောင်စု ၆၄ စုအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၂၈၈၀၀၀၀၊ ဆန်ရိက္ခာ ခုနစ်ရက်စာ ရန်ပုံငွေကျပ် ၅၀၄၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၉၉၆၂၉၃ တို့ကို မြို့နယ်သဘာဝဘေးကာကွယ်ရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လေမုန်တိုင်းကျရောက်ခဲ့သည့်ဒေသများအတွက် ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်

လေမုန်တိုင်းကျရောက်ပြီးနောက် ရုတ်တရက်ရေလွှမ်းမိုးမှုအန္တရာယ်၊ ရေကြီးမှုအန္တရာယ်၊ မိုးကြိုးအန္တရာယ်၊ မြေပြိုမှုအန္တရာယ်၊ ထိခိုက်ဒဏ်ရာရရှိမှုအန္တရာယ်၊ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်၊ မြွေဆိုးကိုက်မှုအန္တရာယ်၊ အအေးမိ၍ဖျားနာခြင်း၊ အဆုတ်ရောင်ခြင်း၊ ခြင်မှတစ်ဆင့်ကူးစက်သော သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ၊ မသန့်ရှင်းသောရေနှင့် အစာကြောင့် ဖြစ်ပွားတတ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အစာအဆိပ်သင့်ရောဂါနှင့် အခြားကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပွားတတ်ပါသဖြင့် အောက်ဖော်ပြပါအချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည် -

၁။ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များမှ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်သော သတိပေးချက်များကို တိကျစွာလိုက်နာပါ၊

၂။ ရေလွှမ်းမိုးနေချိန်တွင် ချိုင့်ခွက်နှင့်မြောင်းများအတွင်းသို့ ချော်ကျ၍ ရေနစ်နိုင်သည့်အန္တရာယ်နှင့် ထိခိုက်ဒဏ်ရာရရှိနိုင်သည့်အန္တရာယ်ရှိသောကြောင့် သတိပြု၍ သွားလာပါ၊ ကလေးသူငယ်များကို သတိပေးပါ၊

၃။ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်ကို သတိပြုသွားလာပါ၊ မြေပြင်ပေါ်ပြုတ်ကျနေသော သို့မဟုတ် ရေထဲသို့ကျနေသော လျှပ်စစ်ဓာတ်ကြိုးများအနီးသို့ သွားလာခြင်းကို ရှောင်ကြဉ်ပါ၊ ကလေးသူငယ်များကို သတိပေးပါ၊

၄။ မြွေဆိုးအန္တရာယ်ကြုံတွေ့ရတတ်သဖြင့် သတိပြုပါ၊

၅။ အန္တရာယ်ရှိသည့် ပျက်စီးနေသော အဆောက်အအုံအတွင်းသို့ သွားလာခြင်းမပြုပါနှင့်၊

၆။ မသန့်ရှင်းသော အစားအစာနှင့် ရေမှတစ်ဆင့် ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် ကူးစက်တတ်သောရောဂါများ ဖြစ်ပွားနိုင်သဖြင့် FDA အသိအမှတ်ပြု သောက်ရေသန့် သို့မဟုတ် ကျိုချက်ထားသောရေ သို့မဟုတ် ရေသန့်စင်ဆေးပြား စနစ်တကျခတ်ထားသောရေ သို့မဟုတ် ကလိုရင်းဆေးခတ်၍ သန့်စင်ထားသောရေကိုသာ သောက်သုံးပါ၊ မြစ်ရေ၊ ချောင်းရေနှင့် မသန့်ရှင်းသော ရေများကို လုံးဝမသောက်ပါနှင့်၊

၇။ အစာအဆိပ်သင့်မှု မဖြစ်စေရန် ရေမျောအစားအစာများနှင့် စည်သွတ်ဘူးများ၊ ရက်လွန်အစားအစာ၊ သိုးနေသော၊ မှိုတက်နေသောအစားအစာ၊ အမှည့်လွန်အသီးများနှင့် သန့်ရှင်းမှုမရှိသော အစားအစာများကို မစားပါနှင့်၊

၈။ အစားအစာများ ကိုင်တွယ်ပြင်ဆင်ခြင်းမပြုမီ၊ အစားမစားမီနှင့် အိမ်သာအသုံးပြုပြီးချိန်တိုင်း ဆပ်ပြာနှင့်ရေကို အသုံးပြု၍ အနည်းဆုံးစက္ကန့် (၂၀) ကြာအောင် လက်ကိုစနစ်တကျဆေးကြောပါ၊

၉။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ပါ၊ သန့်ရှင်းသော ယင်လုံအိမ်သာများ အသုံးပြုပါ၊

၁၀။ သောက်သုံးရေသိုလှောင်ရာနေရာများနှင့် ရေတွင်း ရေကန်များအနီး အညစ်အကြေးမစွန့်ပါနှင့်၊

၁၁။ အမှိုက်သရိုက်များကို စနစ်တကျ စွန့်ပစ်ပါ၊ အမှိုက်များကို မြေမြှုပ်ခြင်း၊ မီးရှို့ခြင်း၊ အမှိုက်ပုံကို ထုံးဖြူးခြင်းတို့ကို ဆောင်ရွက်ပေးပါ၊

၁၂။ အအေးမမိစေရန် အမိုးအကာအောက်တွင်နေပါ၊ ရာသီဥတုနှင့်ကိုက်ညီသည့် အဝတ်အစားများ၊ ဥပမာ- နွေးထွေးသောအဝတ်များ ဝတ်ဆင်ပါ၊ (ကလေးသူငယ်များကို အထူးဂရုစိုက်ပါ၊)

၁၃။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ စသည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ၊

၁၄။ ခြင်အန္တရာယ်သတိပြုပါ၊ မည်သည့်အချိန်တွင်မဆို ခြင်ထောင်ဖြင့်သာ အိပ်စက်ပါ၊ ခြင်ကျား၊ ပိုးလောက်လမ်းနှင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ၊

၁၅။ ထိခိုက်ဒဏ်ရာရရှိခြင်းအပါအဝင် ကျန်းမာရေးပြဿနာ တစ်စုံတစ်ရာခံစားရပါက နီးစပ်ရာကျန်းမာရေးဌာန သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်ပေးနေသည့် ဆေးခန်းသို့ အမြန်ဆုံးသွားရောက်ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၂၀ | ၁၉၆၅ | ၁၉၆၀ | ၁၉၂၅ | ၁၉၆၅ | ၁၉၉၀ | ၁၉၇၅ | ၁၉၅၀ | ၂၀၅၀ | ၂၀၆၅ | ၁၉၅၅ | ၁၉၆၅ | ၂၀၀၅ | ၂၀၀၅ | ၂၀၀၅ | ၂၂၃၅ | ၂၈၁၀ |
| 95 Ron | ၂၀၀၅ | ၂၀၅၅ | ၂၀၅၅ | ၂၀၁၅ | ၂၀၅၅ | ၂၀၇၅ | ၂၀၆၀ | ၂၀၄၀ | ၂၁၄၀ | ၂၁၅၅ | ၂၀၄၅ | ၂၀၆၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၂၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၈၉၅ | ၁၉၄၅ | ၁၉၄၀ | ၁၉၀၅ | ၁၉၄၅ | ၁၉၆၅ | ၁၉၆၅ | ၁၉၃၀ | ၂၀၅၀ | ၂၀၄၅ | ၁၉၃၅ | ၁၉၅၀ | ၁၉၈၀ | ၁၉၈၀ | ၁၉၈၅ | ၂၂၁၅ | ၂၉၀၀ |
| HSD (50 ppm) | ၁၉၇၅ | ၂၀၂၅ | ၂၀၂၀ | ၁၉၈၅ | ၂၀၂၅ | ၂၀၄၅ | ၂၀၄၅ | ၂၀၁၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၁၅ | ၂၀၃၀ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၅ | ၂၂၉၅ | ၂၉၃၀ |
| HSD (10 ppm) | ၁၉၇၅ | ၂၀၂၅ | ၂၀၂၀ | ၁၉၈၅ | ၂၀၂၅ | ၂၀၄၅ | ၂၀၄၅ | ၂၀၁၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၁၅ | ၂၀၃၀ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၅ | ၂၂၉၅ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၁၆ | ၁၈၈၆ |
| 95 Ron | ၁၉၀၂ | ၁၉၇၃ |
| HSD (500 ppm) | ၁၇၉၉ | ၁၈၆၄ |
| HSD (50 ppm) | ၁၈၇၃ | ၁၉၄၀ |
| HSD (10 ppm) | ၁၈၇၃ | ၁၉၄၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုကြိုဆို



**ရန်ကုန် မေ ၁၆**

ကမ္ဘောဒီးယားနိုင်ငံတွင် မေ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေး မှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုကြိုဆိုကြသည်။

**ပြန်လည်လိုက်ပါလာ**

အဆိုပါ မြန်မာအားကစားအဖွဲ့တွင် ရွှေတံဆိပ်ဆုရှင်များဖြစ်သည့် English Billiards Singles ပြိုင်ပွဲမှ ဦးပေါက်စ၊ 9 Ball Pool Men's Singles နှင့် 9 Ball Pool Men's Double ပြိုင်ပွဲမှ မောင်မောင်(ခေါ်) ဘုန်းမြင့်ကျော်နှင့် သော်ဇင်ထက်တို့အပါအဝင် ကြေးတံဆိပ်နှစ်ဆုရရှိခဲ့သည့် ဘိလိယက်နှင့် စနူကာအားကစားအဖွဲ့၊ ကြေးတံဆိပ်ခြောက်ဆုရရှိခဲ့သည့် လက်ဝှေ့အားကစားအဖွဲ့နှင့် ဘော်လီဘော အမျိုးသမီးအသင်း စုစုပေါင်း ၄၃ ဦးတို့ ပြန်လည် လိုက်ပါလာကြသည်။

**သတင်းစဉ်**

# ဆီးဂိမ်း ရိုးရာလှေပြိုင်ပွဲတွင် မြန်မာ့ရိုးရာလှေအဖွဲ့ ရွှေတစ်ခု၊ ငွေငါးခု၊ ကြေးနှစ်ခုရရှိ



**ရန်ကုန် မေ ၁၆**

(၃၂) ကြိမ်မြောက် ဆီးဂိမ်းရိုးရာလှေပြိုင်ပွဲကို မေ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ရာ မြန်မာ့ရိုးရာ လှေအဖွဲ့ ရွှေတစ်ခု၊ ငွေငါးခု၊ ကြေးနှစ်ခုရရှိပြီး ဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲအမျိုးအစား ရှစ်မျိုးစလုံး ဆုတံဆိပ် မလွတ်တမ်းရယူနိုင်ခဲ့သည်။

**ဆုတံဆိပ်ရှစ်ခု**

ပြိုင်ပွဲနောက်ဆုံးနေ့ကို မေ ၁၆ ရက်ကကျင်းပရာ မြန်မာ့ရိုးရာလှေအဖွဲ့က ငွေတံဆိပ် သုံးခု ထပ်မံရရှိပြီး ပြိုင်ပွဲအပြီးတွင် ဆုတံဆိပ်ရှစ်ခု ရရှိခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲနောက်ဆုံးနေ့တွင် ကျင်းပသည့်ပွဲစဉ်များအနက် မီတာ ၈၀၀ ယူ-၂၄ အမျိုးသား ၁၂ တက်လှော်ပြိုင်ပွဲတွင် ထိုင်းအသင်းက ရွှေတံဆိပ်၊ မြန်မာအသင်းက ငွေတံဆိပ်၊ မလေးရှားအသင်းက ကြေးတံဆိပ်၊ မီတာ ၈၀၀ အမျိုးသားအလွတ်တန်း ၁၂ တက်လှော်ပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်းက ရွှေတံဆိပ်၊ မြန်မာအသင်းက ငွေတံဆိပ်၊ ကမ္ဘောဒီးယားအသင်းက ကြေးတံဆိပ်၊ မီတာ ၈၀၀ ယူ-၂၄ အမျိုးသား ငါးတက်လှော်ပြိုင်ပွဲတွင် အိမ်ရှင်ကမ္ဘောဒီးယားအသင်းက ရွှေတံဆိပ်၊ မြန်မာအသင်းက ငွေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက ကြေးတံဆိပ် ရရှိသည်။

**ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိ**

ဆီးဂိမ်း ရိုးရာလှေပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၃ မျိုး ထည့်သွင်းကျင်းပပြီး အိမ်ရှင်နိုင်ငံမှလွဲ၍ ကျန်ပြိုင်ပွဲဝင်နိုင်ငံများမှာ ပြိုင်ပွဲအမျိုးအစား ရှစ်မျိုးတွင်သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ မြန်မာ့ရိုးရာလှေအဖွဲ့သည် ဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲအမျိုးအစား ရှစ်မျိုးစလုံးတွင် ဆုတံဆိပ်မလွတ်တမ်းရယူနိုင်ခဲ့ပြီး နိုင်ငံအလိုက် ဆုရရှိမှုတွင် အဆင့်ငါးနေရာရပ်တည်ခဲ့သည်။ မြန်မာ့ရိုးရာလှေအဖွဲ့အတွက် ရွှေတံဆိပ်ဆုကို မီတာ ၂၅၀ အမျိုးသား ယူ-၂၄ ငါးတက်လှော်ပြိုင်ပွဲ၊ ငွေတံဆိပ်ဆုများကို မီတာ ၂၅၀ ယူ-၂၄ အမျိုးသား အမျိုးသမီး ၁၂ တက်လှော်ပြိုင်ပွဲ၊ မီတာ ၅၀၀ ယူ-၂၄ အမျိုးသား အမျိုးသမီး ၁၂ တက်လှော်ပြိုင်ပွဲ၊ မီတာ ၈၀၀ အမျိုးသား အလွတ်တန်း ၁၂ တက်လှော်ပြိုင်ပွဲ၊ မီတာ ၈၀၀ ယူ-၂၄ အမျိုးသား ၁၂ တက်လှော်ပြိုင်ပွဲ၊ မီတာ ၈၀၀ ယူ-၂၄ အမျိုးသား ငါးတက်လှော်ပြိုင်ပွဲ၊ ကြေးတံဆိပ်ဆုများကို မီတာ ၅၀၀ ယူ-၂၄ အမျိုးသား ၁၂ တက်လှော်ပြိုင်ပွဲနှင့် မီတာ ၅၀၀ အမျိုးသား အလွတ်တန်း ၁၂ တက်လှော်ပြိုင်ပွဲတို့တွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**ကိုညီလေး**

**ဓာတ်ပုံ-MRF**

# ဆီးဂိမ်း အလေးမပြိုင်ပွဲ နောက်ဆုံးနေ့တွင် မြန်မာအလေးမအဖွဲ့ ကြေးတစ်ခု ထပ်မံရရှိ

**ရန်ကုန် မေ ၁၆**

(၃၂) ကြိမ်မြောက် ဆီးဂိမ်း အလေးမပြိုင်ပွဲ နောက်ဆုံးနေ့ကို မေ ၁၆ ရက်က ဆက်လက်ကျင်းပရာ မြန်မာအလေးမအဖွဲ့ ကြေးတံဆိပ်တစ်ခု ထပ်မံရရှိခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့တွင် ကီလိုတန်း သုံးခု ကျင်းပခဲ့ပြီး မြန်မာအလေးမအဖွဲ့သည် အမျိုးသား ၈၉ ကီလိုတန်းအထက်ပြိုင်ပွဲ တစ်ခုတည်းတွင်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသား ၈၉ ကီလိုတန်း အထက်ပြိုင်ပွဲတွင် ဗီယက်နမ်ကစားသမားက ရွှေတံဆိပ်၊ ထိုင်းကစားသမားက ငွေတံဆိပ်၊ မြန်မာကစားသမား ရန်မျိုးကျော်က ကြေးတံဆိပ်ရရှိသည်။

ဆီးဂိမ်းအလေးမပြိုင်ပွဲကို မေ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ရာ မြန်မာ အလေးမအဖွဲ့သည် ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

**ကိုညီလေး**

**✳ ဆီးဂိမ်း အမျိုးသားမှ**

အရေးနိမ့်ခဲ့သဖြင့် ကြေးတံဆိပ်ဆုနှင့် လွဲချော်ခဲ့ရသည်။ မြန်မာအသင်းသည် ဗီယက်နမ်ကို အရေးနိမ့်ခဲ့သဖြင့် ဆီးဂိမ်းပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ဆုတံဆိပ်နှင့် လွဲချော်ခဲ့ရသည်။

**ချေပဂိုးတစ်ဂိုးသွင်းယူ**

မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် ပြည့်ဖြိုးသူ (ဂိုး)၊ ညဏ်လင်းထက်၊ သက်ဟိန်းစိုး၊ လတ်ဝေဘုန်း၊ ကောင်းထက်ပိုင်၊ အာကာကျော်၊ ခွန်ကျော်ဇင်ဟိန်း၊ ထူးမြတ်ခန့်၊ ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ ဟိန်းထက်အောင်တို့ ပါဝင်ကစားခဲ့သည်။ ဗီယက်နမ်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ဟာကွက်များရှိနေသည့် မြန်မာအသင်း ခံစစ်ဘယ်ခြမ်းမှ အဓိကတိုက်စစ်ဆင်ခဲ့ပြီး ပထမပိုင်းတွင်ရရှိသည့်နှစ်ဂိုးစလုံး ယင်းဘက်ခြမ်းမှ သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးသွင်းခွင့် အနည်းငယ်သာရခဲ့ပြီး အသုံးမချနိုင်သဖြင့် ပထမပိုင်းအပြီးတွင် ဗီယက်နမ်အသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဗီယက်နမ်အသင်းအတွက် ဂိုးများကို ၁၀၊ ၃၆ မိနစ်တွင် ဟိုဗင်ကောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင်လည်း ဗီယက်နမ်အသင်းကသာ ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၅၇ မိနစ်တွင် ဗင်ကောင်က သွင်းယူခဲ့သည်။ မြန်မာအသင်းသည် သုံးဂိုးပေးလိုက်ရသော်လည်း ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး နှစ်သိမ့်ချေပဂိုးတစ်ဂိုးကို ၈၈ မိနစ်တွင် အောင်မျိုးခန့်က သွင်းယူခဲ့သည်။

**ရှိုင်းထက်ဇော်**

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၁၆-၅-၂၀၂၃ (ည ၁၀:၀၀ နာရီ)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၃၆ | ၁၀၅ | ၁၁၄ | ၃၅၅ |
| ၂။ | ထိုင်း | ၁၀၈ | ၉၅ | ၁၀၈ | ၃၁၁ |
| ၃။ | အင်ဒိုနီးရှား | ၈၅ | ၈၁ | ၁၀၉ | ၂၇၅ |
| ၄။ | ကမ္ဘောဒီးယား | ၈၁ | ၇၄ | ၁၂၆ | ၂၈၁ |
| ၅။ | ဖိလစ်ပိုင် | ၅၈ | ၈၆ | ၁၁၆ | ၂၆၀ |
| ၆။ | စင်ကာပူ | ၅၁ | ၄၂ | ၆၄ | ၁၅၇ |
| ၇။ | မလေးရှား | ၃၄ | ၄၅ | ၉၇ | ၁၇၆ |
| ၈။ | မြန်မာ | ၂၁ | ၂၅ | ၆၈ | ၁၁၄ |
| ၉။ | လာအို | ၆ | ၂၂ | ၆၀ | ၈၈ |
| ၁၀။ | ဘရူနိုင်း | ၂ | ၁ | ၆ | ၉ |
| ၁၁။ | တီမောလက်စ်တေ | ၀ | ၀ | ၈ | ၈ |

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁၆**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို မေ ၁၇ ရက်တွင် ဖနွမ်းပင်မြို့ Morodok Techo National Stadium ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပိတ်ပွဲအခမ်းအနား ကျင်းပပုံများကို ယင်းနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီသတင်းပြီးချိန်မှ စတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel၊ MRTV Farmers' Channel၊ MRTV Sports Channel၊ MRTV Parliament Channel၊ MRTV – Website၊ MRTV – Online နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်မည်ဖြစ်သည်။

**သတင်းစဉ်**

**❂ ကျောဖုံးမှ**

ကြေးတံဆိပ်ဆုများကို အမျိုးသားတစ်ဦးချင်း စွမ်းရည်ပြပြိုင်ပွဲတွင် ထက်ဝေလှိုင်၊ အမျိုးသမီးတစ်ဦးချင်း စွမ်းရည်ပြပြိုင်ပွဲတွင် ခင်ခင်ခန့်နှင့် အမျိုးသမီး အသင်းလိုက်စွမ်းရည်ပြပြိုင်ပွဲတွင် လှိုင်ဖူးဝေ၊ ကေခိုင်ကျော်နှင့် ခိုင်ကျော့ကျော့ဝေအတွဲက ရယူနိုင်ခဲ့သည်။

ဆီးဂိမ်း Arnis ပြိုင်ပွဲအပြီးတွင် မြန်မာ Arnis အဖွဲ့က ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ် ရှစ်ခု ဆွတ်ခူးရရှိခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဖိလစ်ပိုင်အသင်းက ရွှေခြောက်ခု၊ ငွေနှစ်ခု၊ ကြေးလေးခုဖြင့် ပထမ၊ အိမ်ရှင်ကမ္ဘောဒီးယားအသင်းက ရွှေနှစ်ခု၊ ငွေခြောက်ခု၊ ကြေးလေးခုဖြင့် ဒုတိယ၊ မြန်မာအသင်းက ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေး ရှစ်ခုဖြင့် တတိယ၊ ဗီယက်နမ်အသင်းက ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးလေးခုဖြင့် အဆင့်(၄) နေရာရရှိခဲ့သည်။

**ကိုညီလေး**

**ဓာတ်ပုံ-အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။



## မုန်တိုင်းဘေးကင်းစင်၍ မိမိတို့၏နေရပ်သို့ ပြန်လည်ထွက်ခွာမည့် လပွတ္တာမြို့နယ်အတွင်းရှိ မုန်တိုင်းရှောင်ပြည်သူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ပို့ဆောင်နှုတ်ဆက်၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

ပုသိမ် မေ ၁၆

မုန်တိုင်းဘေးကင်းစင်၍ မိမိတို့၏ နေရပ်သို့ သင်္ဘော၊ စက်လှေများဖြင့် ပြန်လည်ထွက်ခွာမည့် လပွတ္တာမြို့နယ်အတွင်းရှိ မုန်တိုင်းရှောင်ပြည်သူများအား နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ ပြန်လည်ထွက်ခွာမည့် မုန်တိုင်းရှောင်ပြည်သူများအား ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ယနေ့နံနက်ပိုင်းတွင် လပွတ္တာမြို့ အမှတ်(၄)ရပ်ကွက် ကမ်းနားလမ်း ဦးဟိုက်ပင့်ဆိပ်ကမ်းသို့ သွားရောက်၍ နံနက်စာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး နေရပ်ပြန်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် လပွတ္တာမြို့ အမှတ်(၆)ရပ်ကွက် အောင်တော်မူစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုခဲ့ပြီး တာဝတိံသာအာရုံခံ တန်ဆောင်းတော်ကြီးအတွင်းရှိ မုန်တိုင်းရှောင်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားများ ပြောကြားခဲ့သည်။

### ပေးအပ်

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွေးနဒီခန်းမ၌ပြုလုပ်သည့် လပွတ္တာမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးသူများကို အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးငွေများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘေးသင့်ကျေးရွာအုပ်စုများထံ အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးငွေများ၊ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လပွတ္တာမြို့နယ် ခြင်းလုံးအားကစားရုံနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနရုံးသို့ သွားရောက်၍ လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြန်လည်ပြင်ဆင်မှုများ အမြန်ဆုံးပြုလုပ်နိုင်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ လပွတ္တာခရိုင်မီးသတ်စခန်းသို့သွားရောက်၍ လေပြင်းတိုက်ခတ်မှုကြောင့် ဝန်ထမ်းအိမ်ရာ အမိုးလန်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အထက်အဆင့်ဆင့်သို့တင်ပြ၍ အမြန်ပြုပြင်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို အားပေးစကား ပြောကြားခဲ့ပြီး သွပ်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## စစ်ကိုင်းတိုင်းဒေသကြီး၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

မုံရွာ မေ ၁၆

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားရေး ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို မေ ၁၆ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစောနိုင်နှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး-ပညာ ဦးစိုးသိုက်တို့က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီးအတွင်းရှိ ကောလင်းခရိုင်၊ ကန့်ဘလူခရိုင်၊ ယင်းမာပင်ခရိုင်၊ မုံရွာခရိုင်တို့မှ ခရိုင်/မြို့နယ်ပညာရေးမှူးများက မိမိတို့မြို့နယ်များရှိ အခြေခံပညာကျောင်းများ၏ သင်ကြားရေးလုပ်ငန်းများ၊ ကျောင်းဆောင်အဆောက်အအုံများ ကြံ့ခိုင်မှုအခြေအနေများ၊ သင်ထောက်ကူပစ္စည်းများ ပြင်ဆင်ထားရှိမှု၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ရေးလုပ်ငန်းဆောင်ရွက်သွားမည့် အစီအမံများ၊ ဆရာ ဆရာမလိုအပ်ချက်များနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျောင်းများ ရာနှုန်းပြည့်ဖွင့်လှစ်နိုင်ရေး အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ ခန္တီးခရိုင်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းခရိုင်နှင့် ဟုမ္မလင်း ခရိုင်တို့မှ ခရိုင်/မြို့နယ်ပညာရေးမှူးများက ဗီဒီယိုကွန်းဖရင့်စနစ်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းများနှင့် ပတ်သက်၍ အကြံပြု ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနဒ္ဓဇမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၉၃ သိန်း | ၄၀၈၀၇ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀.၀၀ | ၆ | ၆ | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀.၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွှေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃.၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄.၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄.၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁.၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂.၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆.၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉.၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇.၀၀ | ၆၅၂ ခု | ၁၅၅ ခု | ၄၉၇ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈.၅၀ | ၇၅၇၆.၃၅ ကျင်း | - | ၇၅၇၆.၃၅ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄.၅၀ | ၂၁၈.၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉.၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆.၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁.၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၃၄၆.၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀.၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆.၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄.၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆.၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇.၆၅ ကျင်း) | ၈.၅၀ | ၃၁၇.၆၅ | - | ၃၁၇.၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅.၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀.၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀.၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉.၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂.၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀.၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## Chate Sat Yar Company Limited အား ၂၀၂၀ ခုနှစ် Insolvency Law အရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းကြောင်း အသိပေးကြေညာခြင်း

ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၁၆၅၁၁၀၉၆)ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော Chate Sat Yar Company Limited ၏ အစုရှယ်ယာရှင်များသည် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆန္ဒရှိကြသဖြင့် ကုမ္ပဏီရုံးခန်း၌ ၂၀၂၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့ နံနက် (၉:၀၀)နာရီတွင် ကျင်းပသည့် အစုရှယ်ယာရှင်များပါဝင်သော အထွေထွေအစည်းအဝေး၌ ကုမ္ပဏီအား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ပါသည်။

အဆိုပါ ဆုံးဖြတ်ချက်တွင် ဒေါ်မေသူလှိုင် (လက်မှတ်ရပြည်သူ့စာရင်းကိုင်၊ စဉ်-၁၄၄၉) (လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်းဝင်အမှတ်- ၀၀၀၇၅)အား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ ကိစ္စအဝဝတို့ကိုပြုလုပ်ရန်နှင့် ကုမ္ပဏီ၏လုပ်ငန်းကိစ္စရပ်များ၊ ပိုင်ဆိုင်မှုများနှင့် ရရန်ပိုင်ခွင့်များအား စီမံခွဲပေးရန်အတွက် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခဲ့ပါသည်။

**ဒေါ်မေသူလှိုင်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**လက်မှတ်ရပြည်သူ့စာရင်းကိုင် (စဉ်-၁၄၄၉)**
**လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ**
**အသင်းဝင်အမှတ်- ၀၀၀၇၅**
**ဖုန်း - ၀၉ -၂၅၆၀၆၆၅၀၄**
**လိပ်စာ- အမှတ် ၂၀၉၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း (Star City)အတွင်းရှိ ဖုန် (City Loft)၊ တိုက်အမှတ် - CL 1 (A-1)၊ အခန်းအမှတ် (၁၁၂)၊ Type (2-Bedroom)၊ ဧရိယာ (၇၁၀)စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်ဇာအောင် (၁၂/လမတ (နိုင်) ၀၃၀၆၈၉)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အထက်ပါတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ဖြိုးအိစံ (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၇၁၈/၁၃)**
အမှတ်- ၅၀၊ မြေညီထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၉ - ၄၂၀၂၄၂၄၉၅

## ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊(၈)ရပ်ကွက်၊ ဓရာ(၂)လမ်း၊မြေကွက်အမှတ်(၄၉၉ ^၁/၂)ဟုခေါ်တွင်သော (၂၀ × ၆၀)ပေရှိမြေနှင့်အိမ်ကို အပြီးအပိုင်ဝယ်ယူခြင်းအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဖော်ပြပါ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆက်အစပ်ဖြင့် ပိုင်သူ ဒေါ်တင့်တင့်လှိုင် (၁၂/ဥကမ(နိုင်)၀၁၆၀၁၁ )ထံမှ ကျွန်ုပ်တို့မိတ်ဆွေ ဦးခင်မောင်ထွန်း (၉/ရမသ(နိုင်)၀၈၁၉၅၄)က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ( ၁၄ )ရက်အတွင်း တရားဝင် ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ယခုအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးခင်မောင်ထွန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဦးမြတ်မင်းသိန်း** (LL.B) | **ဒေါ်သက်သက်ဆွေ** (LL.B) |
| DL.101(IP),WIPO(Switzerland) | DL.101(IP),WIPO(Switzerland) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၀၃) | အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၄) |

အမှတ်(၁၁၄၈)၊ယသသဝတီ(၁၇)လမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။
Phone - 09-968245587, 09-448031054 , 09-764428101.

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၂-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၇) ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်(၁၆)ဦးကျော်ထွန်းလတ်၏အမည်ပြောင်းတွင်မြေကွက်အမှတ် ၃၇၇အစားမြေကွက်အမှတ်-၃၃၇ ဟုအမှန်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃-ဘီ-၁၊ မြေကွက်အမှတ် ၄၃၈-အိပ်ချ်၊ ၁.၀၉၅ ဧက၊ မြေကွက်တည်နေရာအ မှတ်-၃၀၊ ဖိုးစိန်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ် ဦးဝင်းရွှေ (-) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးဝင်းရွှေ(-) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်ခင်စိန်[၁၂/တမန(နိုင်)၀၆၁၁၆၈]ထံမှ General Power အမှတ်- ၁၃၉၆၉/၂၀၂၂ (၉-၈-၂၀၂၂)ရသူ ဒေါ်သိင်္ဂီဝင်း [၁၂/ကတတ (နိုင်) ၀၁၄၆၀၅]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိပြီး GP မရုပ်သိမ်းသေးကြောင်း ၂၃-၈-၂၀၂၂ ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ဦးဝင်းရွှေ၏ တရားဝင်ဇနီးဖြစ်ပြီး အခြားအမွေဆက်ခံမည့် ဇနီးမယားတစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်း၊ မိမိတစ်ဦးတည်းသာ ကျန်ရှိပါကြောင်းနှင့် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ဒေါ်ခင်ခင်စိန်၏ ၂၃-၈-၂၀၂၂ ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ GP မူရင်း၊ ဦးဝင်းရွှေ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမည်ပေါက်အရောင်းအဝယ်စာချုပ်အမှတ်- ၁၆၁၃/၆၁ (၂၀-၁၂-၆၁)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တောတောင်
## ပျက်ပြုန်း
## မြေဆီ သုဉ်း၏

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကျိုက်ဒေးဘုရားလမ်း၊ အမှတ်-၅၈၉ ဟုခေါ်တွင်သည့် ကွင်းအမှတ်- ၅၈၉(က)၊ ဦးပိုင်အမှတ်- N/၂၅-ခ၊ ဧရိယာ (၀.၀၃၃)ဧကရှိ (G)မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဦးစောနွဲ့အောင်မျိုးဦး [၁/ပတအ(နိုင်)၀၂၆၆၂၇]နှင့် ဒေါ်စွဲ့ခမ်းနွယ်(ခ)ဒေါ်စန္ဒာလွင်ထွန်း [၁/ပတအ(နိုင်)၀၂၆၆၄၇]တို့မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေများမှလည်း ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်ကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း- ၀၉-၄၃၁၁၅၄၃၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်- ၇၄၈၊ ဇဋ္ဌိလလမ်း၊ ၁၆/၁-ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ တစ်ခန်းလျှင် (၁၉x၃၆)ပေ အကျယ်အဝန်းရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်မှ တတိယထပ် (၄-လွှာ)တိုက်ခန်းကို ဦးတင်အောင် [၁၂/ကတတ(နိုင်)၀၀၃၁၂၅]နှင့် ဒေါ်ခင်လှိုင်မြင့် [၁၂/ကတတ(နိုင်)၀၀၃၇၉၄]တို့မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးပိုင်ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း- ၀၉-၄၃၁၁၅၄၃၂**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် Arm Roll Truck (6-Wheels) ၂ စီးနှင့် Vacuum Pump truck (800-Gals) ၁ စီး၊ စုစုပေါင်း ယာဉ် ၃ စီးတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိသူများ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - ၁၇-၅-၂၀၂၃ ရက် (၉:၃၀)နာရီ |
| (ခ) | တင်ဒါလျှောက်လွှာပိတ်မည့်ရက် | - ၃၀-၅-၂၀၂၃ ရက် (၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာဝယ်ယူ/ တင်သွင်းရမည့်နေရာ | - စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါလျှောက်လွှာနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ ဖုန်းနံပါတ် **၀၆၇-၃၄၃၂၀၈၃၊ ၀၆၇-၃၄၃၂၀၈၁** သို့ စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၇၉

| | | |
|---|---|---|
| ဒေါ်စောရတနာဇော်မင်း | နှင့် | ဦးအောင်ကျော်စွာ |
| **(တရားလို)** | | **(တရားပြိုင်)** |

**ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ အေးစေတီလမ်း၊ အမှတ်- ၁၄၈ (၃)လွှာ** ရပ်နေ **ဦးအောင်ကျော်စွာ** (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"တိုက်ခန်း (၃)ခန်းအား တရားလိုတစ်ဦးတည်း လက်ဝယ် လက်ရှိထားပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် လက်ရောက်ရလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၅)ရက်နေ့ (၁၃၈၅ ခုနှစ်၊ နယုန်လဆုတ် ၃ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မေ လ ၁၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝါဝါလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း (အထက်)၊ အမှတ်- ၂၇၂ (မြေညီထပ်)၊ ၁၂ ½ပေ x ၆၀ပေ ရှိသော တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကွယ်လွန်သူ ဟာဂျီမုဟမ္မဒ်ကာဆင် (ခ) ဦးဖေခင် ကျန်ရစ်ခဲ့သည့် ပစ္စည်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ဟာဂျီမုဟမ္မဒ်ကာဆင် (ခ) ဦးဖေခင်၏ ကျန်ရစ်ခဲ့သောပစ္စည်းများနှင့်ပတ်သက်၍ ကျောက်တံတားခရိုင်တရားရုံး၊ ၂၀၂၂ ခုနှစ် တရားမကြီးအမှုအမှတ်- ၃၂၅ တွင် ကျွန်ုပ်မိတ်ဆွေ ဟာဂျီမုဟမ္မဒ်ယူနွတ်စ် (ခ) ဦးခင်မောင်ဝင်း [၁၂/ကတတ(နိုင်)၀၀၂၄၈၈] ကိုင်ဆောင်သူက တရားလိုပြုလုပ်ကာ အစ္စလာမ့်တရားဥပဒေနှင့်အညီ အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု တရားစွဲဆိုထားရာ တရားရုံးမှ ကြားနာစစ်ဆေးဆဲ အခြေအနေတွင်ဖြစ်ပါသည်။

အထက်ဖော်ပြပါတိုက်ခန်းကို ရောင်းဝယ်ခြင်း၊ လွှဲပြောင်းခြင်း၊ စွန့်လွှတ်ပေးကမ်းလှူဒါန်းခြင်း စသည့် ကိစ္စရပ်များကို မည်သူတစ်ဦးတစ်ယောက်မျှ ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်းနှင့် အရောင်းအဝယ် ပြုလုပ်ပါကလည်း ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မောင်မြင့် (LL.B)** | **ဦးခိုင်လင်းကျော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၃၀၈၅/၁၀-၈-၂၀၁၇)** | **(စဉ်-၅၂၀၆၆/၃၀-၁၂-၂၀၁၉)** |

**အမှတ်(၂၆)၊ ဒါရိကာလမ်း၊ ဒါရိကာရပ်ကွက်၊**
**သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၅၀၅၅၅၅၃၈၊ ၀၉-၄၂၅၀၃၀၈၆၆**

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ခိုင်ရွှေဝါ(ဗဟို)လမ်း၊ တိုက်(၁၄၇)၊ အခန်း(5A)၊ (၆)ထပ်တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်ပါဝင်သော ရေမော်တာ၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်အမွေဆက်ခံခွင့်ရရှိပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ၁။ ဦးတင်မောင်ဝင်း [၁၂/ကမရ(နိုင်)၀၃၉၈၄၉]၊ ၂။ ဒေါ်ခင်မြင့်ဝေ [၁၂/ကမရ(နိုင်)၀၄၃၅၆၅]၊ ၂။ ဦးသက်နိုင် [၁၂/ကမရ(နိုင်)၀၄၄၃၂၃]နှင့် ၄။ ဒေါ်နုနုဝေ [၁၂/ကမရ(နိုင်)၀၀၀၁၅၉]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုမီခိုင် [၁၁/သတန(နိုင်)၀၅၆၇၄၀]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးတင်မောင်သိမ်း(မအူပင်) (LL.B)** | **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၉၉၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၂၄၅၅၉၊ ၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (သာမန်/ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများအတွက် ပစ္စည်းများဝယ်ယူခြင်းနှင့် ဆိုလာစနစ် တွဲဖက်တပ်ဆင်ခြင်းလုပ်ငန်းအား (မြန်မာကျပ်ငွေ)ဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| ၂။ | - တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် | - ၁၈-၅-၂၀၂၃ |
| | - တင်ဒါပုံစံအရောင်းပိတ်မည့်ရက် | - ၃၁-၅-၂၀၂၃ |
| | - တင်ဒါ(PO)(Profile နှင့်ဈေးနှုန်းစာအိတ်) ပြန်လည်တင်သွင်းရမည့်ရက် | - ၇-၆-၂၀၂၃ (ညနေ-၄နာရီအထိ) |
| | - တင်ဒါဖွင့်လှစ်မည့်ရက်စွဲ/အချိန်/နေရာ | - ဖွင့်လှစ်မည့် ရက်စွဲ/ အချိန် / နေရာအား ကြိုတင်အသိပေး အကြောင်းကြားပါမည်။ |

၃။ တင်ဒါစည်းကမ်းချက်များ၊ အသေးစိတ် အချက်အလက်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး (ရေအရင်းအမြစ်) စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၆၅၂၆၊ ၀၇၁-၂၃၆၂၄ တို့တွင် တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၊ လူနေရပ်ကွက်အမှတ်-၃၊ သဇင်လမ်း၊ မြေကွက်အမှတ်-၂၅၇၊ အကျယ်ပေ(၆၀x၆၀)ရှိ ဗိုလ်မှူးကျော်စိုးအမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ RC (၂) ထပ်တိုက် လူနေအိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ (၁၃-၄-၂၀၁၃)ရက်စွဲပါ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင် ဦးနိုင်သူရ [၇/ပခတ(နိုင်)၀၄၂၄၅၄]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သိင်္ဂီဝင်း[၁၀/ကထန(နိုင်)၁၀၁၁၆၃] ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါအိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သိင်္ဂီဝင်း[၁၀/ကထန(နိုင်)၁၀၁၁၆၃]** | **ဒေါ်ခင်မာလွင်(LL.B,D.B.L)** |
| **အမှတ်-၂၇၀၊ အင်ကြင်းမြိုင်လမ်း၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **စက်မှုဇုန်(၁)၊ ရွှေပြည်သာမြို့နယ်။** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊** |
| | **ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း- ၀၉-၅၁၈၉၆၈၉** |

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ (၄၂)လမ်း၊ အမှတ်(၁၁၉) (ဒုထပ်)တွင်တည်ရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ တည်ထောင်ထားသော INTERNATIONAL FIFTENTH STAR COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားသည် INTERNATIONAL FIFTENTH STAR COMPANY LIMITED ၏ မူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်အမှတ် ၄/၇၄၆၄၊ ၁-၆-၂၀၁၆ရက်စွဲဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

AKOS

အထက်ဖော်ပြပါ အမှတ်တံဆိပ်ကိုအသုံးပြု၍ ကော်ပတ်အမျိုးမျိုး၊ ဘရတ်ချ်အမျိုးမျိုး၊ ဆေးသုတ်စုတ်တံအမျိုးမျိုး၊ ဆေးသုတ်ရိုလာအမျိုးမျိုး၊ ဆေးသုတ်အပိုပစ္စည်းအမျိုးမျိုးတို့၏ အပေါ်တွင်လည်းကောင်း၊ အဆိုပါပစ္စည်းများကို ထည့်သွင်းအသုံးပြုသော ဘူးများ၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူစာရွက်များနှင့် အဆိုပါ ကုန်အမှတ်တံဆိပ် အမှတ်အသားဖြင့် ဆိုင်းဘုတ်၊ ဘလောက်၊ တီရှပ်၊ မဂ္ဂဇင်း၊ လက်ကမ်းကြော်ငြာ၊ စာစောင်ကြော်ငြာ၊ Letter Head, Internet, Email & Website ငွေပြေစာ၊ ဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ထုပ်ပိုးရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ ပစ္စည်းများ၏ ထုပ်ပိုးပစ္စည်းအမျိုးမျိုးတို့အပေါ်တွင် ဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ အသားတံဆိပ်ပြုလုပ်ကာ ပြည်ထောင်သမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၊ အမည်အမှတ်အသားကို ကုမ္ပဏီ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ဖြစ်စေ ၊ အများကဖြစ်စေ ၊ အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ ပြုလုပ်သုံးစွဲသည်ကို တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိအိခိုင် (LL.B)** | **ဒေါ်စီစီဝင်း (LL.B)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |
| **(စဉ်-၁၆၀၇၅)** | **(စဉ်-၂၂၇၃၆)** |

**အမှတ်-၁၄၆၊ မြေညီ၊ ဘိုကလေးဈေးလမ်း၊ (၈)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၂၇၈၂၂၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေး မူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

❖ **တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ မျှော်မှန်းသည့်ပန်းတိုင်ကို အချိန်တိုအတွင်း အောင်အောင်မြင်မြင် ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထိုပန်းတိုင်သို့ရောက်ရှိရန် အဓိကကျသည့်အချက်မှာ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း မိမိတို့တိုင်းရင်းသားအားလုံး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် စည်းလုံးညီညွတ်ကြရန်နှင့် နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၅-၁-၂၀၂၃

---

## မိုခါမုန်တိုင်းဘေးသင့်ပြည်သူများအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လှူဒါန်းနိုင်

**နေပြည်တော် မေ ၁၆**

မြန်မာနိုင်ငံအတွင်း ၁၄-၅-၂၀၂၃ ရက်နေ့က ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ခဲ့ရသည့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် လှူဒါန်းမည့် မြန်မာကျပ်ငွေနှင့် နိုင်ငံခြားငွေတို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက သတ်မှတ်ပေးထားသည့် ရန်ပုံငွေ ငွေစာရင်းများသို့ လှူဒါန်းနိုင်သည့်အပြင် လှူဒါန်းငွေနှင့် ပစ္စည်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် ဖွင့်လှစ်ထားသည့် အလှူခံဌာနများသို့လည်း သဒ္ဓါတတ်အားနည်းများမဆို ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း သိရသည်။

သတင်းစဉ်

## အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာခြင်း

မြန်မာနိုင်ငံအတွင်း ၁၄-၅-၂၀၂၃ ရက်နေ့က ဖြစ်ပွားခဲ့သော အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်များအနေဖြင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းနိုင်ပါသည်။

မြန်မာကျပ်ငွေများကို **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ၊ OA-011834** သို့လည်းကောင်း၊ နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ) ကို **Natural Disaster Management Fund ၊ 1DA-0300086** သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် အလှူပစ္စည်းများကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

---

## ဆီးဂိမ်း Arnis ပြိုင်ပွဲနောက်ဆုံးနေ့တွင် မြန်မာ Arnis အဖွဲ့ ရွှေတစ်ခု၊ ကြေးသုံးခု ထပ်မံရရှိ

**ရန်ကုန် မေ ၁၆**

(၃၂) ကြိမ်မြောက် ဆီးဂိမ်း Arnis ပြိုင်ပွဲနောက်ဆုံးနေ့ကို မေ ၁၆ ရက်က ကျင်းပရာ မြန်မာ Arnis အဖွဲ့ ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် သုံးခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

**ရွှေတံဆိပ်ဆုရယူ**

မြန်မာ Arnis အဖွဲ့အတွက် ရွှေတံဆိပ်ဆုကို အမျိုးသားအသင်းလိုက် စွမ်းရည်ပြပြိုင်ပွဲတွင် အောင်ဇော်သက်၊ မျိုးထွန်းအံ့နှင့် ရဲဇော်မိုးအတွဲက ၂၉ ဒသမ ၅၀၀၀ မှတ်ဖြင့် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်ကမ္ဘောဒီးယားအတွဲက ၂၈ ဒသမ ၉၀၀၀ မှတ်ဖြင့် ငွေတံဆိပ်၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်အတွဲက ၂၈ ဒသမ ၈၀၀၀ မှတ်ဖြင့် ကြေးတံဆိပ် ရရှိသည်။

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ✪



အမျိုးသားအသင်းလိုက် စွမ်းရည်ပြပြိုင်ပွဲတွင် ရွှေတံဆိပ်ရခဲ့သည့် မြန်မာအတွဲကို တွေ့ရစဉ်။

## ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ တတိယလုပွဲတွင် မြန်မာအသင်း ရှုံးနိမ့်

**ရန်ကုန် မေ ၁၆**

(၃၂) ကြိမ်မြောက် ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ တတိယလုပွဲကို မေ ၁၆ ရက် ညနေပိုင်းတွင် အိုလံပစ်အမျိုးသားကွင်း၌ ကျင်းပရာ ဗီယက်နမ်အသင်းက မြန်မာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် တတိယလုပွဲတွင် နာမည်ကြီး ဗီယက်နမ်အသင်းနှင့် တွေ့ဆုံခဲ့ပြီး

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✳

---

**ယနေ့ ဖတ်စရာ**

**ကမ္ဘောဒီးယားနိုင်ငံက ဆီးဂိမ်းလာရောက်သူအားလုံးကို အန်ကောဝပ်သို့ ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်ခွင့်ပေးမည်**

စာမျက်နှာ » ၁၃

---

**သာကေတမြို့နယ် အမှတ်(၉)ရပ်ကွက်ရှိ "ကြယ်စင်လင်း" စိန်ရွှေရတနာဆိုင်အား ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၄

---

**ဆီးဂိမ်း ရိုးရာလှေပြိုင်ပွဲတွင် မြန်မာ့ရိုးရာလှေအဖွဲ့ ရွှေတစ်ခု၊ ငွေငါးခု၊ ကြေးနှစ်ခု ရရှိ**

စာမျက်နှာ » ၁၇